မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

ကပ်ငြိစိတ်မရှိသူ

နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌာဘုံသို့ အစဉ်အတိုင်း သွားမည့်သူဟု ဆိုအပ်၏။

ပိဋကတ်(ဓမ္မပဒ - ၂၁၈)

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ တနင်္လာနေ့ အတွဲ (၆၃)၊ အမှတ်(၀၅၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်းရင်းနှီးနွေးထွေးစွာဖြင့် အားပေးစကားပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း တွေ့ဆုံ၍ အားပေးစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)ရှိ အရိုးရောဂါနှင့် ထိခိုက်ဒဏ်ရာကုသမှုဌာန၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။

ထိုသို့ အားပေးစကားပြောကြားရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး

စာမျက်နှာ ၃ ကော်လံ ၁ ❖

ယနေ့ မာတိကာ

နိုင်ငံ့စီးပွားမြှင့်တင်ရေး မင်္ဂလာစစ်ကိုင်းကျောက်မျက်ဈေးဖော်ဆောင်ပေး

ဆောင်းပါး စာ ၁၀

စာပေကိုချစ်ပြီးတော့ တစိုက်မတ်မတ်လုပ်ခဲ့တဲ့ ကလောင်အိုကြီးတွေအတွက်ကတော့ ဒါဟာကြီးမြတ်တဲ့ ဆုလာဘ်တစ်ပါးပါပဲ

တွေ့ဆုံမေးမြန်း စာ ၁၄

နေပြည်တော် ဇေယျာသီရိမြို့နယ် အသေးစား မျှစ်ခြောက်ကုန်ထုတ်စက်ရုံမှထုတ်လုပ်သည့် မျှစ်ခြောက်များ ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိ

ပြည်တွင်းသတင်း စာ ၁၉

မြန်မာ့အလင်း

၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- ★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည် ဖော်ဆောင်ရေး။
- ★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။
- ★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေး ဆောင်ရွက်ရေး။

၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

အခွင့်အရေးအားလုံးရရှိရေး ကလေးငယ်တိုင်းအတွက် ဖော်ဆောင်ပေး

ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးများ၏ အနာဂတ်ပိုမိုတောက်ပနိုင်စေရေး၊ ကလေးများအား ကာကွယ်မှုအပြည့်အဝပေးနိုင်ရေး၊ ကလေးများ၏ အခွင့်အရေးများ ပိုမိုရရှိစေနိုင်ရေး၊ ကလေးများ ရင်ဆိုင်ကြုံတွေ့ရတတ်သည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေးတို့အတွက်ရည်ရွယ်၍ နှစ်စဉ် နိုဝင်ဘာလ ၂၀ ရက်နေ့ကို "ကမ္ဘာ့ကလေးများနေ့" (World Children's Day) အဖြစ် ကျင်းပလျက်ရှိသည်။ ထိုနေ့သည် ၁၉၅၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေ ညီလာခံက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်း (Declaration of the Rights of the Child) နှင့် ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (United Nations Convention on the Rights of the Child) တို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းတို့ကို ကိုယ်စားပြုထားခြင်းလည်းဖြစ်သည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အရ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ပုဒ်မ ၅၄ ချက် ပါရှိသော်လည်း အဓိကအကျဆုံးအခွင့်အရေးလေးရပ်မှာ (၁) အသက်ရှင်သန်ခွင့် (Survival)၊ (၂) ဖွံ့ဖြိုးတိုးတက်ခွင့် (Development)၊ (၃) ကာကွယ်စောင့်ရှောက်မှုရရှိခွင့် (Protection)၊ (၄) ပါဝင်ဆောင်ရွက်ခွင့် (Participation) တို့ဖြစ်ပြီး အသက် ၁၈ နှစ်မပြည့်သေးသူ ကလေးသူငယ်တိုင်း အဆိုပါအခွင့်အရေးများကို အပြည့်အဝခံစားခွင့်ရရှိနိုင်အောင် အကောင်အထည်ဖော် ပေးရန်လိုသည်။ ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေး သဘောတူစာချုပ် (UNCRC) သည် ကလေးများ၏ နိုင်ငံသား အခွင့်အရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ဖွင့်ဆိုရှင်းလင်း၍ နိုင်ငံပေါင်း ၁၄၀ တို့က လက်မှတ်ရေးထိုး သဘောတူညီထားကြခြင်းဖြစ်သည်။

အသက်အရွယ် အပိုင်းအခြားအရ အသက် ၁၈ နှစ်အောက်ရှိသူကို ကလေးဟူ၍ သတ်မှတ်ထားရာတွင် ရင်ခွင်ပိုက်လူမမည် အရွယ်မှသည် အရွယ်ရောက်သူများ၊ ဆယ်ကျော်သက်များ ပါဝင်နေပြီး အရွယ်အလိုက် အခွင့်အရေးများရရှိရန်လိုသည်။ မြန်မာနိုင်ငံတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းပြီး ကလေးသူငယ်များ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ရေး၊ ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရေး၊ ကလေးသူငယ်အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရေး၊ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပညာသင်ယူမှု အခွင့်အလမ်းရရှိရေး၊ လျစ်လျူရှုခြင်း၊ အလွဲသုံးခြင်း၊ ရက်စက်ယုတ်မာခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းခံရသော ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး၊ ပြစ်မှုကျူးလွန်သော ကလေးသူငယ်၏ အကျင့်စာရိတ္တ ပြုပြင်ရေး၊ အခွင့်အရေးနှင့် အကာအကွယ်တို့ တန်းတူညီမျှရေးနှင့် ခွဲခြားဆက်ဆံမှုမပြုရေးတို့ကို ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆက်ဆံခွင့် ရရှိစေရေးတို့အတွက် အခွင့်အရေးများရှိကြောင်း နိုင်ငံတော်က အသိအမှတ်ပြုထားပြီး ကလေးသူငယ်၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းမှု အများဆုံးဖြစ်စေသည့် ကလေးသူငယ်အခွင့်အရေးများ ရရှိခံစားနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဆက်စပ်ဌာနများနှင့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက ပူးပေါင်းစွမ်းဆောင်ကြရာတွင် ယခုနှစ် ကမ္ဘာ့ကလေးများနေ့၏ ဆောင်ပုဒ်နှင့်အညီ "အခွင့်အရေးအားလုံး ရရှိရေး၊ ကလေးငယ်တိုင်းအတွက် ဖော်ဆောင်ပေး" နိုင်ကြပါစေကြောင်း။ ။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သက်ကြီးဆရာဝန်ကြီးများအား ပုံမှန်ကျန်းမာရေးစစ်ဆေးမှု (ဒုတိယအကြိမ်)ဆောင်ရွက်ပေး

နေပြည်တော် နိုဝင်ဘာ ၁၉

ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် ရန်ကုန်မြို့ရှိ အသက် ၇၀ နှင့် အထက် သက်ကြီးဆရာဝန်ကြီးများအား ခြောက်လတစ်ကြိမ် ပုံမှန် ကျန်းမာရေးစစ်ဆေးမှု (Medical Check-up) ကို ဆောင်ရွက်ပေးပြီး လိုအပ်သော ဆေးဝါးများကို ပုံမှန်ထောက်ပံ့ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကုပြင်ပလူနာဌာန၌ ဒုတိယအကြိမ် ပုံမှန်ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေးသည်။ (ဓာတ်ပုံ)

အဆိုပါ ကျန်းမာရေး စစ်ဆေးမှုကို ရန်ကုန်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီးများမှ သက်ကြီးရွယ်အိုဆေးပညာနှင့် ဓာတ်မှန်ပညာဌာန ပါမောက္ခ/ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်ကြီးနှင့် သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင် ဝန်ထမ်းများနှင့် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရောဂါဗေဒဌာန ပါမောက္ခ ဦးဆောင်သော အဖွဲ့တို့က ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ Ultrasound ရိုက်ကူးခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG)၊ သက်ကြီးရွယ်အိုဆိုင်ရာ ကျန်းမာရေးစစ်ဆေးမှု (Geriatric assessment) ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး အဆိုပါကျန်းမာရေး စစ်ဆေးမှုတွင် သက်ကြီးဆရာဝန်ကြီး ၁၇၂ ဦးအား ကျန်းမာရေး စစ်ဆေးကုသမှုပေးခဲ့ကာ ဆီးချိုသွေးချိုရောဂါရှိသူ သက်ကြီးဆရာဝန်ကြီးများ အသုံးပြုရန် သွေးချိုတိုင်းစက် (Glucometer) အခု ၁၅၀ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

World Children's Day

ကမ္ဘာ့ကလေးများနေ့

"For every child, every right"

"အခွင့်အရေးအားလုံးရရှိရေး ကလေးငယ်တိုင်းအတွက် ဖော်ဆောင်ပေး"

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက် နေပြည်တော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

❖ ရှေ့ဖုံးမှ

အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်

ယင်းနောက် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာ အားပေးစကားပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ လိုက်ပါလာသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများသည် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာဖြင့် လိုက်လံ အားပေးစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း တွေ့ဆုံ၍ အားပေးစကားပြောကြားစဉ်။

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၆) ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသစွမ်းအင် ကြီးကြပ်မှုဆိုင်ရာဖိုရမ် တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသား စွမ်းအင်စီမံခန့်ခွဲမှုဌာနအကြီးအကဲ မစ္စတာ ကျန်းကျင့်ဟွား၏ ဖိတ်ကြားချက်အရ (၆) ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ စွမ်းအင်ကြီးကြပ်မှုဆိုင်ရာဖိုရမ် တက်ရောက်ရန်နှင့် လေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်နေမှုများကို လေ့လာနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းကျန်းမြို့နှင့် ကူမင်းမြို့တို့သို့ သွားရောက်ခဲ့သည်။

အဆိုပါ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၆ ရက်တွင် တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုဌာနနှင့် ကွမ်တုံးပြည်နယ် ရှန်းကျန်းမြို့ မြူနီစီပယ် အစိုးရတို့က ကြီးမှူးကျင်းပသော (၆) ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ စွမ်းအင်ကြီးကြပ်မှုဆိုင်ရာဖိုရမ်သို့ တက်ရောက်သည်။

ယင်းဖိုရမ်တွင် တရုတ်အမျိုးသား စွမ်းအင်စီမံခန့်ခွဲမှုဌာနအကြီးအကဲ မစ္စတာ ကျန်းကျင့်ဟွား၊ ကွမ်တုံးပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ကျန်းဟူ၊ ရှန်းကျန်းမြို့တော်ဝန် မစ္စတာချင်ဝေကျုံး၊ တရုတ်နိုင်ငံတောင်ပိုင်း လျှပ်စစ်ဓာတ်အားကွန်ရက် ဥက္ကဋ္ဌ မစ္စတာမုန့်ကျန်းပင်နှင့် အာရှ-ပစိဖိတ်ဒေသ နိုင်ငံများမှ စွမ်းအင်ကြီးကြပ်မှုဆိုင်ရာ အဖွဲ့အစည်း အကြီးအကဲများက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် (၆)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ စွမ်းအင်ကြီးကြပ်မှုဆိုင်ရာဖိုရမ်၏ ရည်ရွယ်ချက်မှာ "စွမ်းအင်ဈေးကွက်တည်ထောင်ခြင်းနှင့် အစိမ်းရောင် စီးပွားရေးသို့ ကူးပြောင်းခြင်း" ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိလူများ မရှိမဖြစ် သုံးစွဲနေရသည့် စွမ်းအင်အမျိုးမျိုးကို ထိရောက်အကျိုးရှိသည့် သုံးစွဲမှုဖြစ်စေရန် ခေတ်မီ ဒစ်ဂျစ်တယ်နည်းပညာဖြင့် စွမ်းအင်ထိန်းချုပ်မှုများ၊ စွမ်းအင်ဈေးကွက်တည်ထောင်ထားပြီး ထိန်းကျောင်းကြီးကြပ်မှုပြုလုပ်နေသော နိုင်ငံများ၏ အစိမ်းရောင် စွမ်းအင်ကူးပြောင်းရေး ဆောင်ရွက်နေမှုများ၊ သန့်ရှင်းသော စွမ်းအင်သုံးစွဲရေး ဖွံ့ဖြိုးတိုးတက်မှုများအတွက် အမြင်ချင်းဖလှယ် ဆွေးနွေးပြီး လက်ရှိကမ္ဘာ့နိုင်ငံတိုင်း ကြုံတွေ့နေရသည့် စွမ်းအင်ဖူလုံရေး ဆောင်ရွက်ရာ၌ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရရှိကြမည်ဟု ယုံကြည်ကြောင်း။

အာဆီယံဒေသတွင်း နိုင်ငံများအနေဖြင့် ၂၀၂၅ ခုနှစ်၌ ပြန်ပြည့်မြဲစွမ်းအင်ကို ပင်မစွမ်းအင်အရင်းအမြစ်အတွက် ၂၃ ရာခိုင်နှုန်းနှင့် ဓာတ်အားထုတ်လုပ်မှုအတွက် တပ်ဆင်စက် အင်အား၏ ၃၅ ရာခိုင်နှုန်း ပါဝင်ရရှိရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဟု အဖွဲ့ဝင်နိုင်ငံများက သဘောတူထားသော်လည်း ရည်မှန်းချက်ပြည့်မီရန် စိန်ခေါ်မှု အချို့ရှိနေပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ်၌ စုစုပေါင်း တပ်ဆင်စက်အင်အားမှာ ၇၃၂၉ မဂ္ဂါဝပ်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် စွမ်းအင်အမျိုးအစား ပါဝင်မှုမှာ ရေအားလျှပ်စစ်မှ ၄၅ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၅၀ ရာခိုင်နှုန်း၊ ကျောက်မီးသွေးမှ ၂ ရာခိုင်နှုန်း၊ ဆိုလာမှ ၂ ရာခိုင်နှုန်းနှင့် ဒီဇယ်မှ ၁ ရာခိုင်နှုန်း ဖြစ်ကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံ တစ်ခုအနေဖြင့် NDC အရ ရည်မှန်းချက်ကို ပြည့်မီစေရန် စိန်ခေါ်မှုများနှင့် အတားအဆီး အချို့ရှိပါကြောင်း၊ စွမ်းအင်စီမံခန့်ခွဲမှုအတွက် ထိရောက်သော လုပ်ငန်းစဉ်များဖြင့် နိုင်ငံသားအားလုံး ကောင်းမွန်သော အလုပ်အကိုင်များရရှိရေး၊ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးကို လျှပ်စစ်ကားများ သုံးစွဲခြင်းနှင့် Smart Grid များ ဖြန့်ကြက်ခြင်းဖြင့် မြို့ပြဖွံ့ဖြိုးရန် ဆောင်ရွက်နေပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသတွင်း "စွမ်းအင်ဈေးကွက် တည်ထောင်ခြင်းနှင့် အစိမ်းရောင် စွမ်းအင်အသုံးပြုမှု ကူးပြောင်းခြင်း" ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း (၆) ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ စွမ်းအင်ကြီးကြပ်မှုဆိုင်ရာ ဖိုရမ်တွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသား စွမ်းအင်စီမံအုပ်ချုပ်ရေးအဖွဲ့ (National Energy Administration– NEA) ဥက္ကဋ္ဌ မစ္စတာကျန်းကျင့်ဟွားနှင့်အဖွဲ့အား တွေ့ဆုံပြီး လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၇ ရက်တွင် ရှန်းကျန်းမြို့ Huawei Digital Power Edison Exhibition Hall နှင့် Optical Storage and Charging & Vehicle –Grid Interaction EV ကားများ အားသွင်းရာနေရာသို့ လည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက်တွင် ယူနန်ပြည်နယ် ချီကျင့်မြို့ရှိ State Power Investment Corporation မှ တည်ဆောက်ထားသော တပ်ဆင်အား ၈၀၀ မဂ္ဂါဝပ်ရှိသည့် ဖူးရန်းရှီး (Fuyuanxi) လေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

ခရီးစဉ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်အစိုးရပိုင် ကုမ္ပဏီများဖြစ်သည့် China Southern Power Grid၊ Datang United Hydropower Development Co.,Ltd၊ State Power Investment Corporation၊ Yunnan Energy Investment Group & Yunnan Machinery and Equipment Import and Export Co.,Ltd နှင့် Huaneng Lancang River Hydropower Co.,Ltd တို့နှင့် သီးခြားစီတွေ့ဆုံ၍ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ပြီး ယနေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စိုက်ပျိုးရေးသုတေသနဦးစီးဌာနစိုက်ကွင်း၌ တောင်သူများပူးပေါင်းပါဝင်၍ မျိုးစပါးသားဆက်လိုင်းများ ရွေးချယ်

နေပြည်တော် နိုဝင်ဘာ ၁၉

မျိုးစပ်မွေးမြူထားသော စပါးသားဆက်လိုင်းများ၏ အရည်အချင်း လက္ခဏာများကို အကဲဖြတ်ခြင်း၊ စပါးမျိုးကောင်းများ ရွေးချယ်ခြင်း လုပ်ငန်းများကို စိုက်ပျိုးသူတောင်သူကိုယ်တိုင် ကျွမ်းကျင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ကြခြင်းဖြင့် ဒေသအလိုက် အထွက်နှုန်း မြင့်မားသည့် မျိုးကောင်းမျိုးသန့်များ မွေးမြူအသုံးပြုမှုနှင့် တောင်သူများ ကျယ်ပြန့်စွာ စိုက်ပျိုးလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဘက်ပေါင်းစုံမှ တောင်သူလယ်သမားများ ကိုယ်တိုင်ပါဝင်လာစေရေး ကြိုးပမ်းလျက်ရှိသည်။

ကွင်းဆင်းရွေးချယ်

ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန စိုက်ကွင်း၌ တောင်သူများ ပူးပေါင်းပါဝင် ရွေးချယ်သည့် မျိုးစပါး သားဆက်လိုင်းများ ကွင်းဆင်းရွေးချယ်ခြင်း အခမ်းအနားကို ကျင်းပခဲ့ပြီး ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ကွင်းဆင်း၍ မျိုးရွေးချယ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြသသည်။**(အပေါ်ပုံ)**

နေပြည်တော် အခြေစိုက် ပြည်တွင်းပုဂ္ဂလိက မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ စတင်မျိုးစပ်မွေးမြူပြီး အရည်အသွေးကောင်း မိဘမျိုး နှစ်မျိုးမှ လေးမျိုးအထိပါဝင်သည့် ဗီဇအစုအဖွဲ့များ များစွာပါဝင်သော သားဆက်လိုင်း စပါးမျိုးကွဲများကို ၂၀၂၂ ခုနှစ် နွေစပါးရာသီတွင် မျိုးကူးစက် မွေးမြူခဲ့ကြောင်း၊ ၎င်း မျိုးလိုင်းများကို စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းမှု အစီအစဉ်ဖြင့် ကြို့ပင်ကျေးရွာ၊ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်း ကျေးရွာနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာန စိုက်ကွင်းများတွင် စိုက်ပျိုးထားရှိပြီး တောင်သူများနှင့်အတူ မျိုးရွေးချယ်ကြခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ကျင်းပသည့် (၁၅) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ (Farmers' Technical Forum) သို့ တက်ရောက်ဆွေးနွေးသည်။

အပတ်စဉ် စနေနေ့တိုင်း ကျင်းပသည့် အဆိုပါ ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ ပဲမျိုးစုံဌာနစိတ်မှ ပညာရှင်က ပဲမျိုးစုံ သီးနှံ အထွက်နှုန်း တိုးတက်ရေး အတွက်စိုက်ပျိုးရေးနည်းစနစ်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြပြီး တက်ရောက် လာကြသူများ၏ မေးမြန်းချက်များကို ဒုတိယ ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

သုတေသနပြုဖော်ထုတ်

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးတက္ကသိုလ် အဆင့်မြင့်စိုက်ပျိုးရေး သုတေသနနှင့် ပညာရေးဗဟိုဌာန (ACARE)၌ ကျင်းပသည့် စိုက်ပျိုးရေး တက္ကသိုလ် စတင်ထူထောင်သည့် ၁၉၂၄ ခုနှစ်မှ ယနေ့အထိ ခေတ်အလိုက် ပြောင်းလဲလာသော ဘွဲ့ကြိုသင်တန်း စနစ်များနှင့် စိုက်ပျိုးရေးဘာသာရပ်သင်ရိုးများ ပြောင်းလဲလာပုံကို သုံးသပ်လေ့လာခြင်း ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကား ပြောကြားပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျရောက်မည့် စိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် သင်ကြားမှု သင်ယူမှုသုံးသပ်ခြင်း၊ ပစ္စုပ္ပန်နှင့် အနာဂတ်လုပ်ငန်းခွင်အတွက် လိုအပ်သော ဘာသာရပ်များကို ထဲထဲဝင်ဝင် သင်ကြားရေး၊ ဘွဲ့လွန်ဒီပလိုမာ သင်တန်းများ တိုးချဲ့သင်ကြားပို့ချရေး၊ မဟာသိပ္ပံနှင့် ပါရဂူဘွဲ့သင်တန်းများ အဆင့်မီ အရည်အသွေးထိန်းသိမ်းရေး အစီအမံကောင်းဖြင့် ဆောင်ရွက်နိုင်ရေး၊ လက်ရှိသင်ကြားပေးလျက်ရှိသည့် ဘွဲ့ကြိုသင်တန်းများ၏ သင်ရိုးညွှန်းတမ်း၊ ပြဋ္ဌာန်းစာအုပ်များ သင်ကြားပို့ချမှုစနစ်များကို သေချာစွာ သုံးသပ်၍ ပိုမိုကောင်းမွန်သော သင်ကြားသင်ယူမှု စနစ်များကို သုတေသနပြု ဖော်ထုတ်ပြဋ္ဌာန်းဆောင်ရွက်ရေး၊ စာတွေ့လက်တွေ့ အချိတ်အဆက် ကောင်းမွန်စွာဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော လူသားအရင်းအမြစ်များကို သင်ကြားလေ့ကျင့် မွေးထုတ်ပေးနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့ရှိ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း တည်ဆောက်ရေး လုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး(**ယာပုံ**) လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အပြီးတည်ဆောက်ရေး၊ အရည်အသွေး ပြည့်မီရေး၊ အဂတိကင်းရှင်းရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပို့ကုန်၊ သွင်းကုန် ပစ္စည်းတင်မော်တော်ယာဉ်များအား X-Ray စက်ဖြင့် စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ သီရိဥသျှာဈေး အပေါ်ထပ်ရှိ အသေးစား၊ အငယ်စား၊ အလတ်စား(MSMEs) ထုတ်ကုန်အရောင်းစင်တာသို့ သွားရောက်ပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ပဲခူးတိုင်းဒေသကြီး MSMEs လုပ်ငန်းများ၏ ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးကာ ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ပြည်ပသို့တင်ပို့ရန်၊ ပြည်ပဈေးကွက်ရရှိရေးနှင့် စားသုံးဆီသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ဒေသတွင်းဆီပိုမိုထုတ်လုပ်ရောင်းချနိုင်ရေး ဝန်ကြီးဌာနမှ လိုအပ်သည်များ ကူညီပေးမည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းတာဝန်များကို စေတနာထားဆောင်ရွက်ရန်၊ အဂတိကင်းရှင်းရန်၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားပြီး ပဲခူးစက်မှုဇုန်ရှိ Myanstar Factory သို့ သွားရောက်ကာ စက်ရုံအတွင်း ပြည်ပသို့ တင်ပို့ရန် အထည်များချုပ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အရည်အသွေးမီစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သနပ်ပင်မြို့ရှိ စိန်သုံးလုံး ဆန်စက်သို့ ရောက်ရှိပြီး စက်ရုံအတွင်း ပြည်တွင်းစားသုံးရန် ဆန်ကြိတ်ခွဲထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေးပြည့်မီသော ဆန်များကြိတ်ခွဲ ထုတ်လုပ်နိုင်ရေးအတွက် ဆန်စက်များ အဆင့်မြှင့်တင်ရေး၊ ဆန်စက်များအနေဖြင့် စားနပ်ရိက္ခာ ဖူလုံရေးအတွက် ထုတ်လုပ်နေခြင်းဖြစ်သဖြင့် အရည်အသွေးမှန်၊ ဈေးနှုန်းမှန်၊ အရောင်းအဝယ်မှန်ဟူသည့် ပြဋ္ဌာန်းချက်များအတိုင်း ညီညွတ်စွာ ဆောင်ရွက်ရေးနှင့် ဆန်ကြိတ်ခွဲထုတ်လုပ်မှုမှ ထွက်ရှိသည့် ဆန်ကွဲ၊ ဖွဲနုများကို မွေးမြူရေးအစားအစာအဖြစ် ထုတ်လုပ်ပြီး ပြည်တွင်းဖူလုံမှုကို ထောက်ပံ့နိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မကွေးမြို့ပေါ်ရပ်ကွက်များမှ ပြည်သူများအား ကိုယ်ရေးအချက်အလက်များ ကောက်ယူ၍ e-ID စနစ် လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မကွေးမြို့ရှိ မြို့နယ်စုပေါင်းရုံးခန်းမ၌ မကွေးတိုင်းဒေသကြီးအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးလုပ်ငန်းနှင့် ကောက်ယူရရှိသည့် အချက်အလက်များကို ရုံးလက်ခံ မှတ်တမ်းများဖြင့် တိုက်ဆိုင်စိစစ်ကာ ရုံးချုပ်ရှိ e-ID Database ထဲသို့ ပေးပို့ ထိန်းသိမ်းခြင်းလုပ်ငန်း၊ e-ID စနစ် အကောင်အထည်ဖော်ရေးအတွက် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူခြင်းလုပ်ငန်း၊ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းစသည့် နိုင်ငံတော်အတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပေးအပ်သည့် တာဝန်များကို အတူတကွ လက်တွဲပူးပေါင်းကာ အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် ထူးခြားဖြစ်စဉ်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်တို့သည် မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မကွေးမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံသားကတ် မရရှိသေးသည့် ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ချက်ချင်းဆောင်ရွက်ပေးပြီး e-ID စနစ်အတွက် ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းကို တစ်ပါတည်း ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံသားကတ်ရှိပြီးသူများအား ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုအားပေးကာ(**အပေါ်ပုံ**) လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများ၏ လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးရုံးများမှဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်ပြီး ဝန်ထမ်းစားရိပ်သာအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ရေကြည်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုကြည့်ရှုအားပေး

ပုသိမ် နိုဝင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန ပုသိမ်ပြည်သူ့ဆေးရုံကြီးမှ အထွေထွေရောဂါကု သမားတော်ကြီး၊ မျက်စိ၊ အရိုး၊ နား နှာခေါင်း လည်ချောင်း၊ ကလေး၊ သွားဘက်ဆိုင်ရာ၊ သားဖွားမီးယပ်၊ ခွဲစိတ်နှင့် ဓာတ်မှန်/အာထရာဆောင်း အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများအား အခမဲ့ဆေးကုသမှုပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကာ အထူးကုဆရာဝန်ကြီးများအား လက်ဆောင်ပစ္စည်းများနှင့် ဆေးလာရောက်ကုသသည့် လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အထူးကုဆရာဝန်ကြီးများက အထွေထွေရောဂါ ကုသလူနာ ၂၄၈ ဦး၊ မျက်စိရောဂါကုသလူနာ ၁၃၃ ဦး၊ အရိုး၊ အကြော၊ အဆစ်လူနာ ၈၉ ဦး၊ ခွဲစိတ်လူနာ ၂၂ ဦး၊ ကလေးလူနာ ၁၄ ဦး၊ သားဖွားမီးယပ်လူနာ ၂၈ ဦး၊ သွားနှင့်ခံတွင်းလူနာ ၆၅ ဦး စုစုပေါင်းလူနာ ၅၉၉ ဦးအား အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်္ဂလာအောင်သိဒ္ဓိကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များ တင်ပြလျှောက်ထားခဲ့ပြီး လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကြက်ဖမွေးဖောင်ကျွန်းပတ်တာအတွင်းရှိရေအားမာန် သမဝါယမ စိုက်ကွင်းများ နွေစပါးရေရရှိရေး ဆောင်ရွက်နေသည့် MDC-7 မြောင်းတူးဖော်နေမှုနှင့် ဝါးချောင်းရေတံခါးအတွင်း ရေချိုလေလွင့်ဆုံးရှုံးမှု မရှိစေရန် ဆောင်ရွက်ထားမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နွေစပါး ရေချိုရရှိရေး ဆောင်ရွက်ပေးနေမှု၊ သီးထပ်စွမ်းအား တိုးတက်စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေး တောင်သူများ၊ သမဝါယမအသင်းများ၊ ဌာနဆိုင်ရာများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားသည်။ အဆိုပါ နွေစပါးဧက ၁၀၀၀ ကျော်ခန့် အကျိုးပြုမည့် MDC-7 မြောင်း/ဖလက်မြောင်း လုပ်ငန်းများအားလုံး နွေစပါးအောင်ရေအမီ ဇန်နဝါရီလ တတိယပတ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ ကြက်ဖမွေးဖောင်ကျွန်းပတ်တာအတွင်း နွေစပါးရေချိုရရှိစေရေး အတွက် အောက္ကဘာရေတံခါး၊ မမိုးသူရေတံခါး စသောရေသွင်း တံခါးများမှ သွင်းယူပေးပြီး ဝင်ရောက်လာသော ရေချိုများကို နွေစပါးစိုက်ပျိုးမည့် ဧရိယာများသို့ မြောင်းများ တူးဖော်ပေးလျက်ရှိရာ ဝင်ရောက်လာသော ရေချိုများဆုံးရှုံးမှုမရှိစေရန် ဝါးချောင်းရေတံခါးမှ ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပြီး ကြက်ဖမွေးဖောင်ကျွန်းပတ်တာအတွင်း ယခင်နှစ်နွေစပါး ဧက ၆၈၀၀ စိုက်ပျိုးခဲ့ရာ ယခုနှစ် နွေကာလအတွင်း ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သူများအား ယနေ့တွင်မြန်မာနိုင်ငံအစိုးရမှ တရားဥပဒေနှင့်အညီ စိစစ်ခြင်းများဆောင်ရွက်၍ တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးခဲ့မှုအခြေအနေများ၊ ၁၉-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် ထိတွေ့တိုက်ပွဲများဖြစ်ပွားမှု အခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ နယ်စပ်ဒေသတွေမှာ မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက် နေထိုင်တဲ့သူတွေကို ဥပဒေနဲ့အညီ ဆောင်ရွက်ပြီး လွှဲပြောင်းပေးတဲ့အခြေအနေတွေ ရှိပါတယ်။ အောက်တိုဘာလ ၂၃ ရက်နေ့ကနေ နိုဝင်ဘာလ ၁၉ ရက်နေ့အထိ နယ်စပ်ဒေသတွေမှာ တရားမဝင်ဝင်ရောက်နေထိုင်တဲ့ တရုတ်နိုင်ငံသား အမျိုးသား ၉၃၅ ဦး၊ အမျိုးသမီး ၈၂ ဦး စုစုပေါင်း ၁၀၁၇ ဦးကို ဥပဒေနဲ့အညီစစ်ဆေးပြီးတော့ တရုတ်နိုင်ငံဘက်ကို လွှဲပြောင်းခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ နယ်စပ်ဒေသ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်။

တိုက်ပွဲဖြစ်စဉ်တွေ အနေနဲ့ကတော့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ နမ့်စလပ်မှာရှိတဲ့ လုံခြုံရေးနေရာတွေကို Drone နဲ့ Drop Bomb တွေ တော်တော်များများ လာချခဲ့တာရှိပါတယ်။ နမ့်ခမ်းမှာလည်း ထိတွေ့တိုက်ပွဲရှိခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ထရွန်အိုင်စခန်းကို လာရောက်ပစ်ခတ်ခဲ့တာရှိတယ်။ နယ်ခြားစောင့်ရဲတွေအခြေပြုတဲ့ အလယ်သံကျော်ရဲ့တောင်ဘက် ကိုးတန်ကောက်စခန်းကို လာရောက်ပစ်ခတ်ခဲ့တာ ရှိပါတယ်။ ကယားပြည်နယ်မှာတော့ လွိုင်ကော်အနီးတစ်ဝိုက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ ဒီနေရာမှာ ထူးခြားချက်ကတော့ ပထမဦးဆုံး ရခိုင်ပြည်နယ်ထဲမှာ အစောပိုင်းကကျွန်တော်ပြောခဲ့တဲ့ ထရွန်အိုင်၊ နန်းဘူးစတဲ့အဲဒီစခန်းတွေက မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းဖောက်နေတဲ့ ကုလားတန်မြစ်ဘက်စုံစီမံကိန်းလုပ်နေတဲ့ လုံခြုံရေးစခန်းတွေ ဖြစ်ပါတယ်။ AA အနေနဲ့ ဒီနေရာတွေကို အဓိကထားပြီး တိုက်ခိုက်

နေတာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားဖြစ်စေတဲ့အကြောင်းလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီနယ်မြေကအဓိကအားဖြင့် ချင်းတိုင်းရင်းသားမျိုးနွယ်စုတွေ ခူမီးတိုင်းရင်းသားမျိုးနွယ်စုနေတဲ့နေရာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပလက်ဝနဲ့ပလက်ဝမြောက်ဘက်ဒေသတွေမှာ နေထိုင်တဲ့ဒေသခံတွေအနေနဲ့ကလည်း AA ကို အထူးဆန့်ကျင်ရှုတ်ချကြောင်း ပြောကြားလာတာတွေ ရှိပါတယ်။ အဓိကကတော့ အဲဒီနယ်မြေမှာ ဖွံ့ဖြိုးတိုးတက်မှုမရှိအောင်၊ အဲဒီနယ်မြေပိတ်ဆို့အောင် အစောပိုင်းက ကျွန်တော်ပြောခဲ့တဲ့ တိုင်းရင်းသားအချင်းချင်း နှိပ်ကွပ်ဖို့အတွက် ဆောင်ရွက်နေတာမျိုး ဖြစ်ပါတယ်။ ဒါတွေကိုတော့ ကျွန်တော်တို့အနေနဲ့ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်မနေ့ကပြောခဲ့တဲ့ နမ့်ခမ်းမှာဆိုရင် ကာကင်းကုန်းကို လာရောက်တိုက်ခိုက်ခဲ့တယ်။ တပ်မတော်က ပြန်လည်တိုက်ခိုက်ခဲ့တဲ့အတွက် TNLA အနေနဲ့ အကျအဆုံးများစွာ ရှိခဲ့တယ်။ တော်တော်လေး အကျအဆုံးများပါတယ်။ ထုံးစံအတိုင်းပါပဲ သူတို့အကျအဆုံးရှိပြီဆိုရင် အရင်တုန်းကသုံးနေကျအတိုင်းပဲ အသံထွက်လာပါတယ်။ အဆိပ်ခါတ်ငွေ့နဲ့ တိုက်ခိုက်တယ်ဆိုတာမျိုးတွေ ပြောလာကြတာကို တွေ့ရပါတယ်။ နမ့်စလပ်မှာရှိနေတဲ့ တပ်ရင်း၊ တပ်ဖွဲ့တွေနဲ့ နမ့်ခမ်းမှာရှိနေတဲ့ ရှေ့တန်းလုံခြုံရေးစခန်းတွေအနေနဲ့ ရန်သူကိုရွပ်ရွပ်ချွံချွံ ခုခံတိုက်ခိုက်ပြီး တန်ပြန်ချေမှုန်းခဲ့တဲ့အတွက် ရန်သူ့ဘက်မှာအကျအဆုံးများစွာ ရှိပါတယ်။ ဒီအတွက်လည်း ရန်သူကို ကြံ့ကြံ့ခံခုခံတိုက်ခိုက်ပြီး တန်ပြန်တိုက်စစ်ဆင်နွှဲခဲ့တဲ့ အရာရှိ၊ စစ်သည်၊ ရဲမေအားလုံးကို နိုင်ငံတော်အကြီးအကဲ၊ တပ်မတော် အကြီးအကဲများအားလုံးက အသိအမှတ်ပြုဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။ တပ်မတော်အနေနဲ့ ကျူးကျော်သူတွေရဲ့ ကျူးကျော်စစ်ကို တန်ပြန်ချေမှုန်းနေတာပဲ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ လွတ်လပ်ရေးရပြီးကတည်းက မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နယ်မြေဒေသများ လုံခြုံရေးတို့အတွက် အစဉ်တစိုက်ဆောင်ရွက်ခဲ့ပါတယ်။ အခုအချိန်မှာလည်း ဒီတာဝန်ကို ထမ်းဆောင်လျက်ရှိပါတယ်။ သမိုင်းပေးတာဝန်တွေကျေပွန်ခဲ့တဲ့ တပ်မတော်အနေနဲ့ အခုလက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေမှာလည်း နိုင်ငံတော်အမြန်ဆုံးပြန်လည်တည်ငြိမ်အေးချမ်းအောင်၊ သောင်းကျန်းသူအဖျက်သမားတွေကို အမြန်ဆုံးချေမှုန်းနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

ဘဏ်ခွဲတစ်ခုခု၏ ဝန်ဆောင်မှုသည် အကြောင်းတစ်စုံတစ်ခုကြောင့် ရပ်တန့်သွားပါကလည်း ပြည်သူများအနေဖြင့် ငွေများထုတ်ယူ၍မရတော့သည့်အခြေအနေမျိုး ဖြစ်ပေါ်သွားမည်မဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရယူနိုင်ပြီး မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်း၊ ဘဏ်ကတ်များဖြင့် ပေးချေခြင်း၊ စာရင်းပြောင်းနည်းများဖြင့် ငွေပေးချေခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ကြီးကြပ်မှုဖြင့် ဘဏ်များသည် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် ကောလာဟလများကို ယုံကြည်ပြီး ဘဏ်များမှငွေများကို လိုသည်ထက်ပိုမိုထုတ်ယူ၍ လက်ဝယ်ထားရှိခြင်းကြောင့် အန္တရာယ်ရှိနိုင်ပြီး မိမိတို့ငွေများ ဆုံးရှုံးနိုင်သည့်အခြေအနေမျိုး ဖြစ်ပေါ်နိုင်ပါသည်။ ထို့အပြင် ဘဏ်များ၏ပြင်ပတွင် ငွေသားများလိုသည်ထက် ပိုမိုရောက်ရှိလည်ပတ်နေခြင်းအားဖြင့် ငွေကြေးဖောင်းပွမှုကို ပိုမိုဖြစ်ပေါ်စေနိုင်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကိုလည်း ဖြစ်ပေါ်လာစေနိုင်ပါသည်။ ပြည်သူများအနေဖြင့် ဘဏ်များမှငွေများကို လိုသည်ထက် ပိုမိုထုတ်ယူခြင်းသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ထုတ်ယူသည်၊ မည်သည့်နေရာတွင် သုံးစွဲသည် စသည့်သံသယဖြစ်ဖွယ် အခြေအနေများအတွက် တာဝန်ရှိသူများ၏ စောင့်ကြည့်ခြင်းကိုလည်း ခံရနိုင်ဖွယ်ရှိပါသည်။ လက်ရှိအခြေအနေတွင် ဘဏ်များတွင် ငွေသားများအလုံအလောက်ရှိနေပြီး ဗဟိုဘဏ်ကလည်း ဘဏ်အသီးသီးထံသို့ငွေသားများပံ့ပိုးပေးရန် အသင့်ဆောင်ရွက်ထားရှိသည့်အတွက် ပြည်သူများအနေဖြင့် ငွေများကို လိုသည်ထက် ပိုမိုထုတ်ယူခြင်းမပြုဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ယုံကြည်စိတ်ချစွာဖြင့် ပုံမှန်အခြေအနေအတိုင်း ရယူသုံးစွဲကြပါရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိပေး သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

ငွေထုတ်များနေတဲ့သူတွေအားလုံးကို ဗဟိုဘဏ်၊ စသုံးလုံး၊ FIU တို့က အနီးကပ်ကြီးကြပ်စောင့်ကြည့်နေတာ ဖြစ်တဲ့အတွက် ဈေးကစားမှုများမှာ ပါဝင်ပတ်သက်နေရင် ထိရောက်စွာအရေးယူသွားမှာ ဖြစ်ပါတယ်

ဘဏ်များတွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပုံမှန်အတိုင်းဆောင်ရွက်လျက်ရှိခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-

မေး။ ။ ဒီရက်ပိုင်းအတွင်း ဘဏ်တွေရှေ့မှာ ပြည်သူတွေ ငွေထုတ်ယူနိုင်ဖို့အတွက် တန်းစီနေတာ နေရာတော်တော်များများမှာ တွေ့ရပါတယ်။ ဘာကြောင့်လို့ ပြောချင်ပါသလဲ။

ဖြေ။ ။ လတ်တလောဖြစ်ပေါ်နေတဲ့အခြေအနေတွေကို အခွင့်ကောင်းယူပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာမှုနဲ့ စီးပွားရေးတည်ငြိမ်မှုကို မလိုလားတဲ့သတင်းမီဒီယာများ၊ အကြမ်းဖက်အုပ်စုများနဲ့ ၎င်းတို့ကိုထောက်ခံအားပေးသူများက လူမှုကွန်ရက်စာမျက်နှာများမှာ သတင်းတု၊ သတင်းအမှားများကို လှုံ့ဆော်ရေးသားမှုတွေ ဆက်တိုက်ပြုလုပ်နေခဲ့ပြီး ယင်းသတင်းများအနက် နယ်ဘဏ်ခွဲအချို့မှာ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက အကြမ်းဖက်တိုက်ခိုက်လုယက်ဖျက်ဆီးမှုတွေကို အခွင့်ကောင်းယူကာ အဆိုပါသတင်းတွေကို ဓာတ်ပုံများနဲ့တကွဖော်ပြပြီး ပြည်သူတွေက ဘဏ်များမှ ငွေထုတ်ယူလို့မရတော့သယောင် သွေးထိုးလှုံ့ဆော်ရေးသားမှုတွေကြောင့် ပြည်သူများ စိုးရိမ်ပူပန်မှုမြင့်တက်ကာ ဘဏ်များမှ ငွေတွေကို လိုသည်ထက်ပို၍ ထုတ်ယူနေခြင်းဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

မေး။ ။ အခုလတ်တလောအခြေအနေတွေအရ ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေမှာ အများပြည်သူငွေသားထုတ်ယူမှုအပေါ် ကန့်သတ်လိုက်ပြီဆိုတာ ဟုတ်ပါသလား။

ဖြေ။ ။ မဟုတ်ပါဘူး။ ပြည်သူတွေရဲ့ အပ်နှံငွေအပေါ် ငွေထုတ်ယူနိုင်ဖို့အတွက် ဘဏ်တွေက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ပြည်သူမှ အပ်နှံထားတဲ့ငွေများ အဆင်ပြေပြေထုတ်ယူနိုင်ရေးအပေါ် ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။

မေး။ ။ Special Account တွေကနေ အချိန်မရွေး ငွေကြိုက်သလောက် ထုတ်ယူနိုင်တယ်လို့ နားလည်ထားပါတယ်။ ဒီရက်ပိုင်း Special Account တွေကို ငွေထုတ်ယူမှုကန့်သတ်လိုက်ကြောင်း သတင်းတွေထွက်ပေါ်နေပါတယ်၊ မှန်ပါသလား။ မြေပြင်မှာ ငွေသွားထုတ်တဲ့အခါမှာ တန်းစီနေရပြီး ကိုယ့်အလှည့်ရောက်တဲ့အခါမှာ လိုချင်သလောက်မရခြင်း၊ နောက်ရက်မှလာထုတ်ဖို့ ထပ်မံချိန်းဆိုခြင်းတွေ ကြုံတွေ့နေရတဲ့အပေါ် ဘာများပြောချင်ပါသလဲ။

ဖြေ။ ။ အပ်နှံငွေရဲ့အနေအထားအရ New Account (Special Account) ဆိုရင် ငွေသားထည့်သွင်းခဲ့တဲ့ပမာဏအတိုင်း ငွေသားထည့်သွင်းခဲ့တဲ့ ဘဏ်တွေမှာ ပြန်လည်ထုတ်ယူနိုင်ပါတယ်။ ငွေထုတ်ယူသူများရင် ဘဏ်အနေနဲ့ ၎င်းတို့ရဲ့ ငွေသိုလှောင်ခန်းအကျယ်အဝန်းပေါ်မူတည်ပြီး ငွေသားများထားရှိရတဲ့အတွက် ထုတ်ပေးဖို့ငွေပမာဏကို စီစဉ်ဖို့လိုအပ်တာကြောင့် မိမိငွေထုတ်ယူလိုတဲ့ ပမာဏကို ဘဏ်ကို ကြိုတင်အသိပေးအကြောင်းကြားထားရင် အဆင်ပြေမှာ ဖြစ်ပါတယ်။

မေး။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ သတင်းထုတ်ပြန်ချက်တွေမှာ ငွေထုတ်ကန့်သတ်ချက်မထားရှိဘဲ ငွေသားထုတ်ပေးခြင်းတွေကို ဆောင်ရွက်ပေးလျက်ရှိတယ်လို့ ပါရှိပေမယ့် လက်တွေ့သွားရောက်ထုတ်ယူတဲ့အခါမှာ အချို့ပုဂ္ဂလိကဘဏ်တွေမှာ ကန့်သတ်ချက်တွေရှိနေလို့ ဒီအပေါ်မှာ ဘာများပြောကြားလိုပါသလဲ။

ဖြေ။ ။ အများပြည်သူအနေနဲ့ မိမိအပ်နှံထားတဲ့ အပ်နှံငွေအမျိုးအစားအပေါ်မူတည်ပြီး ဘဏ်က ငွေထုတ်ယူရာမှာ ကွဲပြားမှုများရှိနိုင်ပါတယ်။ Special Account ဆိုရင် မိမိငွေသားထည့်သွင်းခဲ့တဲ့ ပမာဏအတိုင်း ငွေသားထုတ်ယူနိုင်ပါတယ်။ ငွေစုဘဏ်စာရင်း (Saving Account) ဆိုရင် တစ်ပတ်တစ်ကြိမ် ငွေထုတ်ယူမှုဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ စာရင်းသေအပ်ငွေ (Fixed Deposit) ဖြစ်ရင် သက်တမ်းပြည့်မယ့်အချိန်မှသာ ငွေထုတ်ယူနိုင်မှာဖြစ်ပါတယ်။ Saving Account အပါအဝင် အပ်ငွေစာရင်းအဟောင်းတွေနဲ့ပတ်သက်ရင် ဘဏ်များမှ ငွေထုတ်ယူရာမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၂ ခုနှစ် ဧပြီလမှာ ထုတ်ပြန်ခဲ့တဲ့ ငွေသားစီမံခန့်ခွဲမှု အဆင်ပြေစေရေး အစီအစဉ်သတ်မှတ်ချက်ပါအတိုင်း ငွေသားထုတ်ယူမှုအပြင် ပြည်သူများအနေနဲ့ ဒစ်ဂျစ်တယ်နည်းလမ်းတွေဖြစ်တဲ့ မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်းများ၊ Account Transfer များနဲ့ ဘဏ်ဝန်ဆောင်မှုများကို အကန့်အသတ်မရှိ ဆောင်ရွက်နိုင်ပါတယ်။

မေး။ ။ ပြည်တွင်း/ပြည်ပ မီဒီယာများနဲ့ လူမှုကွန်ရက်တွေမှာ သွေးထိုးလှုံ့ဆော်မှုနဲ့ ဝိသမလောဘသားများရဲ့ ကိုယ်ကျိုးစီးပွားရှာ သွေးထိုးမှုတွေကြောင့် ပုံမှန်ပြန်လည် လည်ပတ်နေတဲ့ ဘဏ်တွေမှာ ပြည်သူတွေ စိုးရိမ်တကြီး ငွေတွေထုတ်ပါတယ်။ ဘဏ်တွေမပြိုလဲဖို့နဲ့ ပြည်သူတွေရဲ့အပ်နှံငွေတွေ မဆုံးရှုံးစေဖို့ ဗဟိုဘဏ်က ဘယ်လိုအာမခံချက်တွေပေးဖို့ ရှိပါသလဲ။

ဖြေ။ ။ ဗဟိုဘဏ်က အပြည့်အဝအာမခံထားပြီးဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်ကာလမှာ သာမက ကောလာဟလဖြစ်တိုင်း ဗဟိုဘဏ်က ပြည်သူများရဲ့ အပ်နှံငွေအပေါ် အပြည့်အဝ အာမခံရှိတာကို အကြိမ်ကြိမ်ပြောကြားခဲ့ပါတယ်။ ဘဏ်တွေက အဆိုပါအပ်နှံငွေများ ပြန်လည်ထုတ်ပေးနိုင်ဖို့ ဗဟိုဘဏ်မှာ အနည်းဆုံးထားရှိရမယ့် သီးသန့်ငွေလိုအပ်ချက်ကို အပ်နှံထားရှိလျက်ရှိရာ လက်ရှိမှာ ဘဏ်များက အနည်းဆုံးလိုအပ်ချက်ထက်ပိုပြီး ဗဟိုဘဏ်ထံ အပ်နှံထားပါတယ်။ ဒါ့အပြင် ပြည်သူလူထုကို ငွေပြန်လည်ထုတ်ပေးနိုင်ဖို့ ငွေကြေးလွယ်ကူမှုအချိုးများနဲ့လည်း စောင့်ကြပ်ထိန်းကျောင်းလျက်ရှိရာ ဘဏ်များအနေနဲ့ အပ်နှံငွေတွေ အပြည့်အဝပြန်လည်ထုတ်ပေးဖို့ အဆင်သင့်ရှိပါတယ်။ ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေကို စောင့်ကြည့်ကြပ်မတ်လျက်ရှိတာကြောင့် ဘဏ်တွေအနေနဲ့လည်း အဆင်ပြေချောမွေ့စွာ သတ်မှတ်စည်းကမ်းချက်များနဲ့အညီ ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိတဲ့အတွက် ပြည်သူတွေ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ ပုံမှန်အတိုင်း ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ရန်လိုအပ်ပါတယ်။

မေး။ ။ ဘဏ်ကငွေတွေ အလုအယက်ထုတ်အောင် ကောလာဟလတွေထုတ်ပြီး ရွှေနဲ့ ဒေါ်လာဈေးကို ဆွဲတင်နေတဲ့သူတွေကို ထိထိရောက်ရောက် အရေးယူမယ့်အစီအစဉ်များ ရှိပါသလား။

ဖြေ။ ။ ဘဏ်တွေမှာ ငွေကြေးခဝါချမှုဗဟိုအဖွဲ့က သတ်မှတ်ထားတဲ့ ငွေကြေး ကျပ်သန်း ၁၀၀ ထက်ကျော်လွန်ပြီး ထုတ်ယူတဲ့ ပမာဏအားလုံးကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU) ထံပေးပို့ရတယ်။ အခု ငွေထုတ်များနေတဲ့သူတွေ အားလုံးကို ဗဟိုဘဏ်၊ စသုံးလုံး၊ FIU တို့က အနီးကပ်ကြီးကြပ်စောင့်ကြည့်နေတာဖြစ်တဲ့အတွက် ဈေးကစားမှုများမှာ ပါဝင်ပတ်သက်နေရင် ထိရောက်စွာအရေးယူသွားမှာ ဖြစ်ပါတယ်။

ဘဏ်တွေထံမှ ပြည်သူတွေ ငွေထုတ်ယူဖို့ လှုံ့ဆော်ရေးသား၊ ဝါဒဖြန့်နေသူတွေကိုလည်း ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်ဟန့်တားသောပြစ်ဒဏ်များချမှတ်နိုင်ဖို့ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

မေး။ ။ ပြည်သူတွေက စိုးရိမ်ပူပန်မှုတွေမြင့်တက်မှုအပေါ် ဗဟိုဘဏ်အနေနဲ့ မည်သည့်သတင်းစကားပါးလိုပါသလဲ။

ဖြေ။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေသားသုံးစွဲမှုလျှော့ချပြီး ဒစ်ဂျစ်တယ်ပေးချေမှုများ တိုးတက်စေဖို့အတွက် ဒစ်ဂျစ်တယ်ပေးချေမှု နည်းလမ်းတွေဖြစ်တဲ့ အီလက်ထရောနစ်ကတ်များဖြင့်လည်းကောင်း၊ ဘဏ်များရဲ့ မိုဘိုင်းဘဏ်လုပ်ငန်းနဲ့ မိုဘိုင်း Pay များ၊ အင်တာနက်ဘဏ်လုပ်ငန်း၊ မိုဘိုင်း Wallet များအသုံးပြုပြီး အများပြည်သူအနေနဲ့ ဒစ်ဂျစ်တယ်နည်းလမ်းတွေအသုံးပြုကာ လုံခြုံစိတ်ချရတဲ့ စရိတ်စကသက်သာစွာနဲ့ အကျွမ်းတဝင်ကောင်းမွန်စွာ လည်ပတ်ပြီး ငွေပေးချေမှုပြုလုပ်နိုင်ဖို့ကို ပြည်သူတွေကလည်း သုံးစွဲနေပြီး တိုးတက်မှုများလည်း နေ့စဉ်တွေ့ရှိနေရပြီ ဖြစ်ပါတယ်။ ဘဏ်စနစ်ကို ကောင်းမွန်စွာအသုံးပြုနေတဲ့ လုပ်ငန်းရှင်ကြီးများနဲ့ကုန်သည်များ သာမက ကျေးလက်ဒေသရှိ ပြည်သူများကလည်း (ဥပမာ KBZ Pay) ကို လူကြီးလူငယ်များက အကျွမ်းတဝင် အသုံးပြုနေပြီဖြစ်ပါတယ်။ လက်ရှိကောလာဟလနဲ့ ငွေကြေးစနစ်ကို မတည်ငြိမ်အောင် နှောင့်ယှက်နေတဲ့ အဖျက်မီဒီယာတွေကြောင့် ပြည်သူများအနေနဲ့ အဖျက်မီဒီယာများရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကို ယုံကြည်ပြီး ငွေသားကိုင်ဆောင်မှုကို ပြန်လည်လိုက်ပါဖို့ မလိုအပ်ဘဲ ပုံမှန်အတိုင်း မိမိတို့ရဲ့ ဘဏ်စနစ်နဲ့ ငွေပေးချေမှုများကို ဆက်လက်သုံးစွဲဖို့ လိုအပ်ပါတယ်။

ဘဏ်စနစ် ခိုင်မာယုံကြည်မှုရှိဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆုံးရှုံးနိုင်ခြေများကို အခြေခံပြီး စောင့်ကြပ်ကြီးကြပ်နေတဲ့အတွက် အများပြည်သူရဲ့အပ်နှံငွေတွေ ဆုံးရှုံးမှုမရှိနိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အပြည့်အဝ အာမခံပါတယ်။ ဘဏ်များနဲ့ ဗဟိုဘဏ်မှာ ငွေသားအလုံအလောက်ရှိကြောင်းနဲ့ မြန်မာနိုင်ငံရဲ့ ဘဏ်လုပ်ငန်းစနစ်ဟာ ဘဏ်ခွဲအချင်းချင်း ချိတ်ဆက်ဝန်ဆောင်မှုပေးတဲ့ (Core Banking System)ကို အသုံးပြုလျက်ရှိပါတယ်။ ဘဏ်ခွဲတစ်ခုခုရဲ့ ဝန်ဆောင်မှုအကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်သွားရင်လည်း ပြည်သူတွေအနေနဲ့ အပ်ငွေတွေထုတ်ယူမရတော့တဲ့ အခြေအနေမျိုးဖြစ်ပေါ်သွားမှာ မဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရယူနိုင်ပြီး မိမိအပ်နှံထားတဲ့ အပ်ငွေအမျိုးအစားအလိုက် ငွေသားထုတ်ယူနိုင်ပါတယ်။

ဘဏ်များမှာ ယုံကြည်စိတ်ချစွာ အပ်နှံထားခြင်းသည် မည်သည့်အခြေအနေ၊ မည်သည့် အချိန်တွင်မဆို မိမိရဲ့ငွေပဲဖြစ်ပြီး အဆိုပါငွေများဟာ ကိန်းဂဏန်းအတိအကျ၊ ပိုင်ရှင်အမည်အတိအကျနဲ့ ရှိနေကာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ တာဝန်ယူမှုနဲ့ အကာအကွယ်ပေးမှုအပြည့်အဝရရှိနေမှာ ဖြစ်ပါတယ်။

ယခင်အတွေ့အကြုံများအရ ကောလာဟလများကြောင့် ပြည်သူများက ဘဏ်များမှ ငွေတွေစုပြုံထုတ်ယူခဲ့မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကောင်းမွန်စွာစီမံထိန်းကျောင်းနိုင်ခဲ့ပြီး ဘဏ်များရဲ့ ဝန်ဆောင်မှုများ ကောင်းမွန်စွာ ဆက်လက်လည်ပတ်နိုင်ခဲ့ပါတယ်။

ပြည်သူတွေ စိုးရိမ်ပူပန်မှုလွန်ကဲပြီး ငွေများကို လိုသည်ထက်ပိုမိုထုတ်ယူကာ လက်ဝယ်ထားရှိခြင်းကြောင့် လုယက်၊ ခိုးပြတိုက်ခြင်းများ ခံရနိုင်ပြီး မိမိတို့ ငွေများဆုံးရှုံးနိုင်တဲ့အခြေအနေမျိုး ဖြစ်ပေါ်နိုင်ပါတယ်။

ဘဏ်များရဲ့ ပြင်ပမှာ ငွေသားတွေလိုသည်ထက် ပိုမိုရောက်ရှိလည်ပတ်နေခြင်းအားဖြင့် အိမ်ခြံမြေဈေး၊ ရွှေဈေး၊ ငွေဈေးကစားသူတွေရဲ့ လှည့်ကွက်မှာ ပါဝင်ခဲ့ရင် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတွေ ဖြစ်ပေါ်လာနိုင်ပြီး ပြည်သူလူထုသာလျှင် အခက်အခဲဒုက္ခရောက်နိုင်ကာ စီးပွားရေး၊ လူမှုရေးတည်ငြိမ်မှုကို ပျက်ပြားစေနိုင်မှာ ဖြစ်တဲ့အတွက် အဖျက်သမားများရဲ့ သတင်းမီဒီယာများက အခြေအမြစ်မရှိ ရေးသားဖော်ပြနေတာကို စဉ်းစားချင့်ချိန်ပြီး ပြုမူဆောင်ရွက်ဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ ယခင်ကလို ဘဏ်များထံမှ မိမိငွေတွေကို ရာခိုင်နှုန်းတစ်ရပ်ပေးပြီး လဲလှယ်ရယူခြင်းများကို ပြန်လည်ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်လာနိုင်ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ နေ့စဉ်အချိန်နှင့်အမျှ ဘဏ်များရဲ့ ငွေသွင်း/ငွေထုတ် အပ်နှံငွေအခြေအနေတွေကို စောင့်ကြည့်ထိန်းကျောင်းနေတာကြောင့် ပြည်သူလူထုအနေနဲ့ ကောလာဟလအပေါ် နားယောင်နေဖို့မလိုအပ်ဘဲ ယုံကြည်စွာနဲ့ အများပြည်သူအကျိုးကိုကြည့်ပြီး ပူးပေါင်းဆောင်ရွက်သွားဖို့ ပြောကြားလိုပါတယ်။

လုံခြုံမှုရှိပြီး လူအများသုံးစွဲနိုင်တဲ့ ATM တွေမှာလည်း ငွေများဖြည့်တင်းပေးထားပြီး ငွေကြေးစနစ်ကိုထိန်းချုပ်ရာမှာလည်း နိုင်ငံတကာနည်းတူ စည်းမျဉ်းစည်းကမ်းအတိုင်း အသေးသုံးငွေများကို ATM များမှာ သတ်မှတ်ပမာဏအတိုင်း ထုတ်ယူနိုင်မှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့်လည်းကောင်း၊ ပြည်တွင်းသုံးကတ်စနစ်ဖြင့်လည်းကောင်း၊ CBM Net System ဖြင့်လည်းကောင်း တစ်ဘဏ်မှ တစ်ဘဏ် ကန့်သတ်ချက်မရှိဘဲ လွတ်လပ်စွာငွေလွှဲပြောင်းနိုင်ပြီး ပြည်သူများက Account Transfer နည်းများဖြင့်လည်း ငွေပေးချေမှုနည်းလမ်းများကို အကန့်အသတ်မရှိ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

မေး။ ။ လတ်တလောဖြစ်ပွားနေတဲ့ တိုက်ပွဲဖြစ်ပွားမှုဖြစ်စဉ်တွေမှာ ဘဏ်အချို့ကို ဝင်ရောက်တိုက်ခိုက်ပြီး ငွေကြေးကို လက်နက်ကိုင်အဖွဲ့အစည်းအချို့က သိမ်းသွားတာမျိုး ရှိတယ်။ ဒီဖြစ်စဉ်မှာ ဆုံးရှုံးသွားတဲ့ငွေကြေးတွေနဲ့ပတ်သက်ပြီး ဘယ်လိုစီမံဆောင်ရွက်သွားဖို့ ရှိပါသလဲ။

ဖြေ။ ။ အဲဒီဖြစ်စဉ်မှာပါရှိတဲ့ ဘဏ်တွေရဲ့ Customer များက မိမိတို့ငွေကြေးများကို အထောက်အထားများနဲ့ တင်ပြလာရင် ဘဏ်များအနေနဲ့ ထုတ်ပေးနိုင်ဖို့ စီမံဆောင်ရွက်ထားရှိကြောင်း ပြောကြားလိုပါတယ်။ ဘဏ်များမှာလည်း ၎င်းတို့ရဲ့ Customer များရဲ့စာရင်းတွေ သိမ်းဆည်းထားပြီးဖြစ်လို့ ဘဏ်များရဲ့ မည်သည့်ဘဏ်ခွဲမဆို တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ **သတင်းစဉ်**

မြန်မာ့အလင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တောင်ကြီးမြို့နှင့် ကျောက်ဆည်မြို့တို့ရှိ တက္ကသိုလ်၊ သိပ္ပံ၊ ကျောင်းများနှင့် ဇီဝနည်းပညာ သုတေသနဦးစီးဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၉

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)တို့သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆရာ ဆရာမများ၏ စာတွေ့လက်တွေ့ ပို့ချသင်ကြားရေးတွင် လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းပိုမိုမြင့်မားလာပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ထိုးထွင်းကြံဆမှုနှင့် တီထွင်ဖန်တီးမှုလုပ်ငန်းများတွင် စွမ်းဆောင်နိုင်သူများ ပေါ်ထွန်းလာစေရန် သတ်မှတ်အရည်အသွေး စံနှုန်းများနှင့်အညီ လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဇီဝနည်းပညာသုတေသနဦးစီးဌာနသို့ ရောက်ရှိရာ သုတေသီများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ကလည်း အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ကြီး) စီမံကိန်းသို့ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေး ပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)သို့ သွားရောက်ပြီး ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ အမှန်တကယ် ကျွမ်းကျင်တတ်မြောက်ပြီး အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော လူသား အရင်းအမြစ်များ လေ့ကျင့်ပြုစု ပျိုးထောင်ပေးရန်၊ လူ့စွမ်းအား အရင်းအမြစ်သည် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားရမည့် အရေးပါဆုံး ကိစ္စဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ခံယူကာ မြှင့်တင်သွားကြရန် မှာကြားသည်။

ထို့ပြင် အဆိုပါ တက္ကသိုလ်၊ သိပ္ပံ၊ ကျောင်းများနှင့် ဇီဝနည်းပညာ သုတေသနဦးစီးဌာနများသို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်းများ၊ စက်ပစ္စည်းများ၊ အလုပ်ရုံများ၊ သုတေသန လုပ်ဆောင်နေမှုများ၊ အားကစားကွင်းနှင့် ကျောင်းသားကျောင်းသူ အိပ်ဆောင်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒုတိယအဆင့် အရည်အချင်းစစ် ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြင်းစီးအားကစားနည်း ထည့်သွင်းကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံမှ မြင်းစီးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်၍ ဒုတိယအဆင့်အရည်အချင်းစစ် ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မြင်းစီးအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြင်းစီးအားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၅၅ ကီလိုမီတာနှင့် ကီလိုမီတာ ၇၀ အရည်အချင်းစစ် ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားသမားများအား စတင်တာလွှတ်ပေးသည်။ (အပေါ်ပုံ)

ထို့နောက် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြင်းများအား စနစ်တကျထားရှိနိုင်ရေး၊ ပြိုင်ပွဲဝင်အားကစားသမားများအား စိတ်ခွန်အားပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိစေရေး၊ အဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မြင်းစီးကလပ်အသင်းများနှင့် ပေါင်းစပ်၍ မြင်းစီးအားကစားနည်း ပိုမိုတိုးတက်လာစေရေး ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ မြင်းစီးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

၅၅ ကီလိုမီတာနှင့် ကီလိုမီတာ ၇၀ အရည်အချင်းစစ် ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲသို့ YECC RIDING CLUB, NAY PYI TAW RIDING CLUB နှင့် MO RIDING CLUB တို့မှ ပြိုင်ပွဲဝင်မြင်းစီးအားကစားသမား ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် အောင်လက်မှတ် ချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပရာ ၅၅ ကီလိုမီတာနှင့် ကီလိုမီတာ ၇၀ အရည်အချင်းစစ် ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲတွင် အောင်မြင်ခဲ့သည့် မြင်းစီးအားကစားသမားများကို တာဝန်ရှိသူများက အရည်အချင်းစစ်အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်အနေဖြင့် အရည်အချင်းစစ် ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲများကို ထပ်မံကျင်းပပြုလုပ်သွားရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်



နေပြည်တော် နိုဝင်ဘာ ၁၉

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများ အနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများ ပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုကဲ့သို့ နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၉၃၅ ဦး၊ အမျိုးသမီး ၈၂ ဦး စုစုပေါင်း ၁၀၁၇ ဦးကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ (ယာပုံ)

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့်လည်း မိမိတို့ ဒေသအတွင်း တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာ လုံခြုံရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပန်းချီဆရာ ကျော်ကြီးနှင့် ကျော်ဇေယျတို့ ပူးတွဲ၍ ရေဆေးပန်းချီပြပွဲကျင်းပမည်

မန္တလေး နိုဝင်ဘာ ၁၉

ပန်းချီဆရာ ကျော်ကြီးနှင့် ပန်းချီဆရာ ကျော်ဇေယျတို့ နှစ်ဦး ပူးတွဲပြသမည့် ရေဆေးပန်းချီပြပွဲ (Water Colour in Dual art exhibition KYAW GYI & KYAW ZAY YA) အမည်ရ ရေဆေးပန်းချီပြပွဲကို နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ မန္တလေးမြို့ ၅၇ လမ်း၊ ၁၀၃ လမ်းနှင့် ၁၀၄ လမ်းရှိ COLLECTOR'S SOUL ART GALLERY တွင် ကျင်းပမည်ဖြစ်သည်။

ပန်းချီဆရာကျော်ကြီးနှင့် ပန်းချီဆရာကျော်ဇေယျတို့သည် ပြည်တွင်းပြည်ပတွင်ပြုလုပ်သည့် အုပ်စုပြပွဲများတွင် ပါဝင်ပြသခဲ့ပြီး ယခုပြပွဲသည် ပထမဦးဆုံးပြုလုပ်သည့် Dual Art Show ဖြစ်သည်ဟု သိရသည်။ ပြပွဲကို နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ပြီး မည်သူမဆိုလာရောက်လေ့လာ ကြည့်ရှုရန် ဖိတ်ခေါ်ထားသည်ဟု သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

ပြည်ထောင်စုနယ်မြေနေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် ရန်ကုန်မြို့တို့၌ အကြမ်းဖက်သောင်းကျန်းသူများအား ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်ပွဲပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၁၉

အကြမ်းဖက်သောင်းကျန်းနေသူများအား ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်ပွဲကို ယနေ့ ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဇမ္ဗူသီရိမြို့နယ်၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါ ကန့်ကွက်ရှုတ်ချပွဲသို့ ငြိမ်းချမ်းရေးကို လိုလားသော ပြည်သူများနှင့် အမျိုးသားရေး တက်ကြွလှုပ်ရှားသူများ တက်ရောက်ကြပြီး ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် Grand Aster Villa ရှေ့၊ ပျဉ်းမနား-တောင်ညို လမ်းတွင် စုရပ်ပြုလုပ်၍ ပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်သူများအား ဆန့်ကျင်ကြ၊ အကြမ်းဖက်လုပ်ရပ်တွေ ချက်ချင်းရပ်၊ မြန်မာပြည်တစ်ဝန်းမှာ ငြိမ်းချမ်းရေးပန်းတွေ ပွင့်လန်းပါစေ၊ ပြည်ပအားကိုး ပုဆိန်ရိုးများအား အလိုမရှိ၊ အလိုမရှိ၊ ပြည်ထောင်စုကို ဖြိုခွဲမည့်အကြံ ဒို့လက်မခံ၊ အရှေ့မြောက်ဒေသမှာ ငြိမ်းချမ်းရေးပန်းတွေ ပွင့်လမ်းပါစေ၊ အမိမြေကို ကာကွယ်ကြ၊ ပြည်ထောင်စုကို စုပေါင်းကာကွယ်ကြ စသည့် ကြွေးကြော်သံများ ရေးသားထားသည့်ဗီနိုင်းများ ကိုင်ဆောင်ပြီး သံပြိုင်ကြွေးကြော်၍ ပျဉ်းမနား-တောင်ညို လမ်းမကြီးအတိုင်း Grand Aster Villa ရှေ့မှ နေပြည်တော်ကောင်စီရုံးရှေ့အထိ စုပေါင်းချီတက်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြပြီး နေပြည်တော်ကောင်စီရုံးရှေ့ ရောက်ရှိချိန်တွင် မြန်မာ့အမျိုးသားရေးကွန်ရက်မှ အထွေထွေအတွင်းရေးမှူးက အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် KNPP နှင့် PDF သောင်းကျန်းသူများမှ စစ်ရေးပစ်မှတ် မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်တိုက်ခိုက်မှုများ၊ မြန်မာပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး ပြည်သူများ အတိဒုက္ခရောက်စေရန် အကြမ်းဖက်သောင်းကျန်းသူများ၏ နောက်ကွယ်မှ ကူညီပံ့ပိုးပေးနေသော နိုင်ငံများအား ကန့်ကွက်ကြောင်း ပြောကြားခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၁)ရပ်ကွက် မဟာဗန္ဓုလလမ်း မြို့တော်ခန်းမရှေ့၌ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုများအား ဆန့်ကျင်ကန့်ကွက် ရှုတ်ချပွဲကို ယနေ့ညနေ ၄ နာရီခွဲက အမျိုးသားရေးလှုပ်ရှားသူ ရဟန်းသံဃာတော်များက ဦးဆောင်ကျင်းပခဲ့သည်။**(ဝဲပုံ)**

ဦးစွာ အမျိုးသားရေးလှုပ်ရှားသူ ရဟန်းသံဃာတော်များ ဦးဆောင်၍ ဆန္ဒဖော်ထုတ်သူများက ဆန္ဒဖော်ထုတ်ရာတွင် ပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်သူများအား ဆန့်ကျင်ကြ၊ ပြည်ထောင်စုကို စုပေါင်းကာကွယ်ကြ၊ ပြည်ထောင်စုပြိုကွဲမည့်အကြံ ဒို့လက်မခံ၊ မြန်မာပြည်တစ်ဝန်းမှာ ငြိမ်းချမ်းရေးပန်းများ ပွင့်လန်းပါစေ၊ အကြမ်းဖက်လုပ်ရပ်တွေ - ချက်ချင်းရပ်၊ တိုင်းတစ်ပါးအားကိုး ပုဆိန်ရိုးများအား - ဆန့်ကျင်ကြ၊ ပြည်တွင်းရေးကို စွက်ဖက်သူ - ဒို့ရန်သူ၊ အမိမြေကို ကာကွယ်ကြ (let protect our mother land)၊ ဒါ ငါတို့ပြည် ဒါ ငါတို့ပြည်ထောင်စု ဒါ ငါတို့ ပြည်တွင်းရေး၊ This is : Our Country, Our Union, Our Internal affairs၊ အချုပ်အခြာကို ထိပါးလာသူမှန်သမျှ - ဆန့်ကျင်ကြ၊ အပြစ်မဲ့ပြည်သူများကို အတိဒုက္ခရောက်စေသော အကြမ်းဖက်လုပ်ရပ်များအား - ဆန့်ကျင်ကြ ပိုစတာများ ကိုင်ဆောင်၍ ကြွေးကြော်ပြီး ညနေ ၅ နာရီတွင် ဆန္ဒဖော်ထုတ်မှုပြီးဆုံးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ထောပတ်ထမင်းဘူးများ ဆက်လက်ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၉

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့်ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်း၊ တပ်မတော်သားများကျန်းမာပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်းသတင်းရရှိသည်။

သတင်းစဉ်





မန်ကန်မြို့၌ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲနှင့် စက္ကူခေါက်ပြိုင်ပွဲကျင်းပ

မန်ကန် နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မန်ကန်မြို့နယ်တွင် ကျောင်းသားလူငယ်များ ဉာဏ်ရည်တိုးတက်ရေး၊ ယှဉ်ပြိုင်လိုသည့်စွမ်းရည်များမြင့်မားလာရေး၊ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များရရှိစေရန် ရည်ရွယ်၍ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲနှင့် စက္ကူခေါက်ပြိုင်ပွဲကို မန်ကန်မြို့ လူထုအခြေပြုဗဟိုဌာနခန်းမတွင် နိုဝင်ဘာ ၁၇ ရက်က ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မန်ကန်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကို အုပ်စုခွဲ၍ ပန်းချီပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းနှင့် စက္ကူခေါက်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသူများကို ပထမ၊ ဒုတိယနှင့် တတိယဆုများအား မန်ကန်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဒေါ်အေးကပ် (တာဝန်ခံ)က ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အေးကပ်(ပြန်/ဆက်)

နိုင်ငံ့စီးပွားမြှင့်တင်ရေး မင်္ဂလာစစ်ကိုင်းကျောက်မျက်ဈေး ဖော်ဆောင်ပေး

ဒေါက်တာ တင်မာမာဦး

မြန်မာနိုင်ငံသည် ကျောက်မျက်ရတနာများ၊ ဓာတ်သတ္တုများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များပါဝင်သည့် သဘာဝသယံဇာတများ ပေါများကြွယ်ဝပြီး ကမ္ဘာပေါ်တွင် ကျောက်စိမ်းထုတ်လုပ်မှုနှင့် တင်ပို့မှုအများဆုံးနိုင်ငံဖြစ်ရာ သတ္တုနှင့်သတ္တုရိုင်းများ၊ ကျောက်စိမ်းများ၊ အခြားသတ္တုများ၊ တွင်းထွက်ကျောက်များနှင့်သတ္တုတို့ကို တန်ဖိုးမြှင့်ပြုလုပ်ထားသည့် လက်ဝတ်ရတနာများကို ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေများစွာ ရှာဖွေပေးလျက်ရှိပါသည်။ ထို့အပြင် အရည်အသွေးမြင့် ကျောက်စိမ်းနှင့် ပတ္တမြားရရှိနေသည့် ကမ္ဘာ့အကြီးမားဆုံး အရင်းအမြစ် နိုင်ငံတစ်ခုလည်း ဖြစ်သည်။ ကမ္ဘာ့ ပတ္တမြားထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းနှင့် ကျောက်စိမ်းထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံမှ ဖြစ်ကြောင်းလည်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တွင်းထွက်ရတနာများအနက် ကျောက်စိမ်းသည် အများဆုံးထွက်ရှိသည့် ပစ္စည်းဖြစ်သည်။ ကျောက်စိမ်းကို လက်ဝတ်ရတနာပြုလုပ်ရာတွင် အသုံးပြုခဲ့ကြသော်လည်း နောက်ပိုင်းတွင် လူအသုံးအဆောင်များ ပြုလုပ်၍လည်း သုံးစွဲလာကြောင်း တွေ့ရှိရသည်။ ကျောက်စိမ်း၏ တန်ဖိုးမှာ မနိမ့်လွန်း/မမြင့်လွန်း ရှိသည့်အတွက် လူတိုင်းနီးပါးသုံးစွဲနိုင်သည်။

ကျောက်စိမ်းသည် နှစ်ထောင်ပေါင်းများစွာကပင် အရှေ့တိုင်းသားတို့၏ နှလုံးအိမ်၌ ဝင်ရောက်နေရာယူပြီး တန်ဖိုးထားမှု အတိုင်းအတာအားဖြင့် မြင့်မားခဲ့သောကျောက်ဖြစ်သည်။ တရုတ်လူမျိုးတို့သည် ကျောက်စိမ်းကို ဝတ်ဆင်မှုသာမက လက်နက်ကိရိယာများကို တန်ဆာဆင်ရာတွင် အသုံးပြုခဲ့ပြီး ကျောက်မျက်တို့၏ အချုပ်အခြာအဖြစ် သတ်မှတ်ခဲ့သည်။

စစ်ကိုင်းမြို့၏
ကျောက်စိမ်းအချောထည်လုပ်ငန်းများ

စစ်ကိုင်းမြို့တွင် ကျောက်စိမ်းအချောထည် လုပ်ငန်းများစွာရှိပြီး ကုန်ကြမ်းများကို ဖားကန့်မှလည်းကောင်း၊ မန္တလေးမြို့မှလည်းကောင်း ဝယ်ယူကြကာ ကျောက်ဖြတ်ခြင်း၊ ကျောက်သွေးခြင်း၊ အရောင်တင်ခြင်း၊ အပေါက်ဖောက်ခြင်း၊ ကြိုးသီခြင်းလုပ်ငန်းများကို မိသားစုများအပါအဝင် လုပ်သားများ ငှားရမ်း၍ အိမ်တွင်းတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်ကြသည်။

ကျောက်စိမ်းအချောထည်အဖြစ် စိပ်ပုတီး၊ လည်ဆွဲ၊ လက်ပတ်၊ ပန်းပု စသည့်ထုတ်ကုန်များကို ထုတ်လုပ်ပြီး အရည်အသွေးနှင့် အရွယ်အစားပေါ်မူတည်၍ ရောင်းချကြရာ လုပ်ငန်းရှင် အနည်းစုက ကျောက်စိမ်းအရိုင်းတုံးများကို အရောင်းအဝယ်ပြုလုပ်ကြကြောင်း သိရှိရသည်။

ကျောက်မျက်ရတနာဈေး ဖွင့်လှစ်ရန်စီစဉ်

စစ်ကိုင်းမြို့၌ ယခင်က ကျောက်စိမ်းရောင်းဝယ်ရေး ပြုလုပ်နေကြသော ဒေသခံပြည်သူများသည် ဘော်ဂါရပ်ကွက်၌ရှိသော လမ်းဘေးတွင် အဆင်ပြေသလို ကျောက်စိမ်းအချောထည်များကို အရောင်းအဝယ်ပြုလုပ်ခဲ့ကြသည်။ ယခုကဲ့သို့ ကျောက်စိမ်းအချောထည်များကို လမ်းဘေးတွင် ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းသည် လမ်းသွားလမ်းလာများနှင့် ခရီးသွားပြည်သူများအတွက် သွားလာရေး အဆင်မပြေဘဲ လမ်းပိတ်ဆို့စေခြင်း၊ စည်ပင်သာယာရေးဥပဒေနှင့်

မင်္ဂလာစစ်ကိုင်းကျောက်မျက်ဈေးတွင် ကျောက်စိမ်းအချောထည်ရောင်းချမှုများကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ကြည့်ရှုအားပေးစဉ်။

“စစ်ကိုင်းမြို့၌ ယခင်က ကျောက်စိမ်းရောင်းဝယ်ရေးပြုလုပ်နေကြသော ဒေသခံပြည်သူများသည် ဘော်ဂါရပ်ကွက်၌ရှိသော လမ်းဘေးတွင် အဆင်ပြေသလို ကျောက်စိမ်းအချောထည်များကို အရောင်းအဝယ်ပြုလုပ်ခဲ့ကြသည်။ ယခုကဲ့သို့ ကျောက်စိမ်းအချောထည်များကို လမ်းဘေးတွင် ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းသည် လမ်းသွားလမ်းလာများနှင့် ခရီးသွားပြည်သူများအတွက် သွားလာရေးအဆင်မပြေဘဲ လမ်းပိတ်ဆို့စေခြင်း၊ စည်ပင်သာယာရေးဥပဒေနှင့် ကိုက်ညီမှုမရှိခြင်းနှင့် ၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်လည်း ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရ . . .”

ကိုက်ညီမှုမရှိခြင်းနှင့် ၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်လည်း ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော် ၏ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့ စစ်ကိုင်းမြို့သို့ လာရောက်သည့် ခရီးစဉ်တွင် စစ်ကိုင်းမြို့၌ တရားဥပဒေစိုးမိုးမှုရှိပြီး စနစ်ကျသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အသိအမှတ်ပြု ကျောက်မျက်ရတနာဈေးတစ်ဈေး ဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စစ်ကိုင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ကျောက်မျက်လုပ်ငန်းရှင်များ၊ မင်္ဂလာစစ်ကိုင်းဈေးသစ်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေသည့် Triple Circle Co.,Ltd မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ Triple Circle Co.,Ltd က မင်္ဂလာစစ်ကိုင်းဈေးသစ် ဖွင့်လှစ်မည့်နေရာတွင် မင်္ဂလာစစ်ကိုင်း ကျောက်မျက်ရတနာဈေးအဖြစ် ပြောင်းလဲဖွင့်လှစ်ရန် ညွှန်ကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ညွှန်ကြားမှုအပေါ် စစ်ကိုင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က လုပ်ငန်းစီမံချက်များ စနစ်တကျရေးဆွဲပြီး ကျောက်မျက်ရတနာဈေး ဖြစ်မြောက်ရေးကော်မတီများဖွဲ့စည်းခြင်း၊ လုံခြုံရေးနှင့် ကျောက်မျက်ဈေး စနစ်တကျ ဖြစ်စေရေးလုပ်ငန်းကော်မတီများဖွဲ့စည်းခြင်းများ ဆောင်ရွက်ပြီး နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားသည့် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ရောင်းချနိုင်ရေး ဆောင်ရွက်ခဲ့ရာ ကျောက်မျက်ရတနာဈေးဖွင့်လှစ်မည့် Mingalar Sagaing Market နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့က ကျောက်မျက်ရတနာဈေးဖွင့်လှစ်ပြီး အရောင်းအဝယ်ပြုလုပ်ရန် ဆိုင်ခန်းငှားရမ်းခြင်းအတွက် နှစ်ဦးနှစ်ဖက် သဘောတူလက်မှတ်ရေးထိုးခြင်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၇ ရက်တွင် ဆောင်ရွက်ခဲ့သည်။

ဈေးသစ်စတင်ဖွင့်လှစ်

စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် စစ်ကိုင်းစက်မှုဇုန် မင်္ဂလာစစ်ကိုင်းဈေးသစ်တွင် မင်္ဂလာစစ်ကိုင်းကျောက်မျက်ရတနာဈေးသစ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၆ ရက် နံနက်တွင် ဖွင့်လှစ်ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ မြန်မာ့ကျောက်မျက်ရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးထွန်းဝေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဆင့် နှင့် Triple Circle ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မေ်မေ်သိန်းတို့က မင်္ဂလာစစ်ကိုင်းကျောက်မျက်ရတနာဈေးကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

စာမျက်နှာ ၁၁ သို့

စစ်ကိုင်းတိုင်းကျောက်မျက်ဈေးတွင် ရောင်းချနေသည့် ကျောက်စိမ်းအချောထည်များ။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၂/ ၂၀၂၃)

ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ အခြေခံမူများဖြစ်သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်း (Declaration of the Rights of the Child) ကို ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့၌ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ထိုစဉ်က အဖွဲ့ဝင် (၇၈) နိုင်ငံအားလုံးက အပြည့်အဝတညီတညွတ်တည်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child–CRC) ကို (၄၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၄၄/၂၅ ဖြင့် ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အတည်ပြုချမှတ်ခဲ့ပါသည်။ ထိုဖြစ်စဉ်နှစ်ရပ်ကို ဂုဏ်ပြုသည့်အနေဖြင့် နိုဝင်ဘာလ ၂၀ ရက်နေ့ကို ကမ္ဘာ့ကလေးများနေ့ (World Children's Day) အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့တွင် (၃၄) ကြိမ်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ယခုနှစ် ကမ္ဘာ့ကလေးများနေ့အတွက် ဦးတည်ချက်ဆောင်ပုဒ်မှာ **“အခွင့်အရေးအားလုံးရရှိရေး ကလေးငယ်တိုင်းအတွက် ဖော်ဆောင်ပေး” "For Every Child, Every Right"** ဖြစ်ပါသည်။

လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ဖြစ်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRC) ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးက ပါဝင်လက်မှတ် ရေးထိုးထားပါသည်။ မြန်မာနိုင်ငံကလည်း ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားပါသည်။ ထိုသဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချုပ်နှစ်ရပ်ကိုလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ၊ အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းများကို ပိုမိုကာကွယ်စောင့်ရှောက်ရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို ရုပ်သိမ်းပြီး ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံများတွင် ကလေးသူငယ်များသည် ဆင်းရဲမွဲတေမှု၊ အာဟာရချို့တဲ့မှု ပညာရေးလက်လှမ်းမမီမှု၊ ကလေးလုပ်သား၊ အရွယ်မတိုင်မီ ထိမ်းမြားမှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု စသည်ဖြင့် စိန်ခေါ်မှုများရှိနေသည်ဖြစ်ရာ ကလေးသူငယ်များအတွက် ပိုမိုကောင်းမွန်အောင် ဖန်တီးလုပ်ဆောင်ပေးကြမှသာလျှင် အနာဂတ်တွင် ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ကောင်းကျိုးချမ်းသာများ ရရှိခံစားနိုင်ကြမည်ဖြစ်ပါသည်။

ကလေးသူငယ်များ လူမှုအသိုက်အဝန်းအတွင်း အကျင့်စာရိတ္တကောင်းမွန်ပြီး အားကိုးအားထားရသော လူငယ်များ ဖြစ်လာစေရေး မျှော်မှန်းလျက် အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ပူးပေါင်းပါဝင်လုပ်ဆောင်ကြပါရန် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သည့် (၃၄) ကြိမ်မြောက် ကမ္ဘာ့ကလေးများနေ့တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တိုက်တွန်းဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

ပြည်မြို့၌ ပဲခူးတိုင်းဒေသကြီးထုတ်ကုန်များအရောင်းစင်တာ စတင်ဖွင့်လှစ်

ပြည် နိုဝင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးအတွင်း MSMEs အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထွက်ထုတ်ကုန်များ ဈေးကွက်ကျယ်ပြန့်စွာရရှိပြီး ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်စေရေးအတွက် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ထုတ်ကုန်များအရောင်းစင်တာကို ပြည်မြို့ ဗိုလ်ချုပ်လမ်းရှိ အဆိုပါအရောင်းစင်တာအဆောက်အအုံ၌ ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း/ ခရိုင်/ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက အရောင်းစင်တာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အရောင်းစင်တာအတွင်းရှိ ဒေသထွက်ထုတ်ကုန်ပစ္စည်း အရောင်းဆိုင်များနှင့် ပြည်ဘူတာကြီးရှေ့ MSMEs ဒေသထုတ်ကုန် အရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မှာကြားသည်။

အဆိုပါ ပြည်မြို့၌ ဖွင့်လှစ်သည့် ပဲခူးတိုင်းဒေသကြီး ထုတ်ကုန်များ အရောင်းစင်တာတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီ၊ နတ်တလင်းနှင့် ညောင်လေးပင် အစရှိသော ခရိုင်ခြောက်ခု၏ မြို့နယ်များရှိ MSMEs လုပ်ငန်းများမှ ထွက်ရှိသော စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် ကုန်မာပစ္စည်းများအပါအဝင် လူသုံးကုန်ပစ္စည်းမျိုးစုံ ရောင်းချသော ဆိုင်ခန်းများ ပါဝင်ဖွင့်လှစ်ထားရှိပြီး ဒေသထုတ်ကုန်များကို စင်တာတစ်ခုတည်းတွင် အလွယ်တကူဝယ်ယူရရှိနိုင်ရေး စီစဉ် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ကိုဆက် (ပြန်/ဆက်)

စာမျက်နှာ ၁၀ မှ

ရောင်းဝယ်သူများဖြင့် စည်ကားလျက်ရှိ

စစ်ကိုင်းမြို့၌ ဖွင့်လှစ်ခဲ့သည့် မင်္ဂလာစစ်ကိုင်း ကျောက်မျက်ရတနာဈေးကြီးသည် ဧရိယာ စတုရန်းပေ ၂၄၆၀၀ အကျယ်တွင် ဆိုင်ခန်းပေါင်း ၃၅၀ ကျော် ပါဝင်သော ဈေးကြီးဖြစ်ပြီး ဈေးအဆောက်အအုံများသည် အမိုးအကာ လုံလုံခြုံခြုံရှိကာ စနစ်တကျ တည်ဆောက်ထားခြင်း၊ လုံခြုံမှုအပြည့်အဝရှိခြင်းနှင့် အဆင့်မြင့်စွာ ဖြန့်ဖြူးရောင်းချနိုင်သော နေရာဖြစ်ရာ ဝယ်ယူရန် စိတ်ချရသောနေရာဖြစ်သည့်အတွက် ဒေသခံရောင်းဝယ်သူများအပြင် နိုင်ငံခြားသားများပါ လာရောက်သည့် နေရာတစ်ခုဖြစ်ကာ နေ့စဉ် ကျောက်စိမ်းအချောထည်များ ရောင်းဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

ဈေးကြီးအတွင်း ကျောက်မျက်အချောထည်များကို ရောင်းဝယ်နေကြသူများ။

စစ်ကိုင်းမြို့၌ ယခင်က ကျောက်စိမ်းရောင်းဝယ်ရေးပြုလုပ်နေကြသော ဒေသခံပြည်သူများသည် ဘော်ဂါရပ်ကွက်တွင်ရှိသော လမ်းဘေး၌ အဆင်ပြေသလို ကျောက်စိမ်းအချောထည်များ အရောင်းအဝယ် ပြုလုပ်ခဲ့ကြရာမှ ယခုလို တစ်နေရာတည်း ရောင်းသူများသာမက ဝယ်သူများပါ အဆင်ပြေစွာ အရောင်းအဝယ်များ ဆောင်ရွက်ကြရသည့်အပေါ်တွင် ကျောက်စိမ်းအချောထည် အရောင်းအဝယ်ပြုလုပ်သူတစ်ဦး **စစ်ကိုင်းမြို့တွင် ယခုဖွင့်လှစ်သည့် မင်္ဂလာစစ်ကိုင်း ကျောက်မျက်ရတနာဈေးသည် ကျောက်မျက်ရောင်းဝယ်သူများအတွက် စနစ်တကျ အဆင်ပြေစွာဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး ခမ်းနားထည်ဝါသော ဈေးကြီးတစ်ခုဖြစ်ပါကြောင်း၊ ယခင်က ဘော်ဂါရပ်ကွက်အတွင်း ရောင်းချရာတွင် နေရာသတ်မှတ်ချက် စနစ်တကျမရှိဘဲ အဆင်ပြေသလို ရောင်းချရသဖြင့် ပစ္စည်းအရည်အသွေး တူသော်လည်း ဈေးနှုန်းကွာဟချက်များ ရှိခဲ့ကြောင်း၊ အခုဈေးအတွင်း ကျောက်မျက်များ ရောင်းချရာတွင် တစ်နေရာတည်းတွင် စနစ်တကျ အဆင်ပြေစွာ ရောင်းချနိုင်ပြီး ဈေးနှုန်းကွာဟမှု မရှိကြောင်း၊ ဈေးသစ်ကြီးသည် သန့်ရှင်းသပ်ရပ်မှုရှိကာ လုံခြုံမှုရှိခြင်းတို့ကြောင့် ရောင်းသူ၊ ဝယ်သူ အဆင်ပြေကြကြောင်း၊ ကျောက်ကြမ်းဝယ်၍ ရရှိလာသည့် ကျောက်ကို အိမ်တွင် ဖြတ်တောက်ပြီး ယခုဈေးတွင် တစ်နေရာတည်း စုပြီးလာရောက်ရောင်းချကြကြောင်း** ပြောကြားသည်။

အကျိုးကျေးဇူးများ

ယခုဈေးကြီးဖွင့်လှစ်ပေးခြင်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိကာ စီးပွားရေးများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ခြင်း၊ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်စေခြင်း၊ ဒေသခံပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပြီး ကျောက်အချောထည် ပုတီးလုပ်ငန်းနှင့် လက်ဝတ်ရတနာလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခြင်းကြောင့် ဒေသတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးစေခြင်း၊ ကျောက်မျက်ရတနာဈေးတွင် လာရောက်ရောင်းဝယ်ကြသူများမှ နိုင်ငံတော်သို့ ပေးသွင်းသည့် အခွန်အခများ ရရှိသဖြင့် နိုင်ငံတော်၏ ဝင်ငွေတိုးတက်လာပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများလည်း ရရှိနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်မဟာနာယက၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ စည်ရှင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ အန္တိမစျာပနသာဓုကီဠနပူဇာသဘင်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

မန္တလေး နိုဝင်ဘာ ၁၉
နိုင်ငံတော်သြဝါဒါစရိယ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်မဟာနာယက၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ စည်ရှင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသ (သက်တော်(၈၅)၊ သိက္ခာတော် (၆၆)ဝါ)သည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်(၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်) နံနက် ၉ နာရီ ၃၃ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့်ဇနီး၊ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်းသို့သွားရောက်ပြီး ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်၍ အန္တိမစျာပနသာဓုကီဠန ပူဇာသဘင်နှင့် စပ်လျဉ်း၍ ဆရာတော်များအား သာသနာရေးဆိုင်ရာများလျှောက်ထားပြီး တာဝန်ရှိသူများအား အန္တိမစျာပန ကိစ္စရပ်များနှင့်ပတ်သက်၍ နာယကဆရာတော်ကြီးများ၏ သြဝါဒများခံယူကာ လစ်ဟာမှုမရှိစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ယနေ့ မွန်းလွဲ ၁ နာရီတွင် စည်ရှင်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား သီတင်းသုံးတော်မူရာ မဟာဝိသုဒ္ဓါရုံတိုက်သစ်စည်ရှင်ကျောင်း၊ ရွှေဘုန်းပွင့်ကျောင်းဆောင်တော်မှ အောင်မြေသာစည်အလယ်တိုက်ကြီးပေါ်သို့ပင့်ဆောင်၍ စံကျောင်းတော်၌ ဥတုဇရုပ်ကလာပ်တော်အား ပူဇော်ထားရှိသည်။

နိုင်ငံတော်သြဝါဒါစရိယ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်မဟာနာယက၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ စည်ရှင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသ၏ အန္တိမစျာပနသာဓုကီဠန ပူဇာသဘင်အခမ်းအနား ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို အောင်မြေသာစည်အလယ်တိုက်ကြီးတွင် ဆက်လက်ကျင်းပရာ သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ရွှေကျင်ဂိုဏ်းသံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ရွှေကျင်ဂိုဏ်းမှ သံဃာတော်များနှင့် တပည့်သံဃာတော်၊ တိုင်းဒေသကြီး သာသနာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အန္တိမ စျာပနပူဇော်ပွဲနှင့်ပတ်သက်၍ စျာပနဦးစီးကော်မတီနာယကအဖွဲ့သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒများခံယူပြီး ကဏ္ဍများအလိုက် တိုင်ပင်ညှိနှိုင်းဆွေးနွေးကြကာ အနိစ္စာဝတ သင်္ခါရာ စသော သံဝေဂ (၃)ဂါထာကို ရွတ်ဆိုပွားခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း အဝေးသင်စာမေးပွဲဖြေဆိုပြီး၍ နေရပ်များသို့ ပြန်ကြမည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

စစ်တွေ နိုဝင်ဘာ ၁၉
စစ်တွေတက္ကသိုလ်တွင် အဝေးသင်စာမေးပွဲ ဖြေဆိုပြီးမြောက်၍ ရွှေပြည်တန် အမြန်ရေယာဉ်ဖြင့် မိမိနေရပ်များသို့ ပြန်ကြမည့် ကျောင်းသား ကျောင်းသူများအား ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အစိုးရအဖွဲ့ဝင်များ၊ စစ်တွေ တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ရွှေပြည်တန် အမြန်ရေယာဉ်ဆိပ်ကမ်း၌ အမြန်ရေယာဉ်ဖြင့် ရသေ့တောင်၊ ဘူးသီးတောင်၊မောင်တောမြို့နယ်သို့ လိုက်ပါသွားကြမည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်အစိုးရအဖွဲ့ကဦးစီး၍ စစ်တွေ တက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် မိမိတို့နေရပ်များသို့ စနစ်တကျ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်္ဘောပေါ်တွင် လိုက်ပါသွားကြမည့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေတက္ကသိုလ်သို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများကို တွေ့ဆုံကာ နေရပ်များသို့ စနစ်တကျ ပြန်လည်သွားရောက်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့က စီစဉ် ဆောင်ရွက်နေကြောင်း၊ ကျောင်းသား ကျောင်းသူများသည် စစ်တွေမြို့သို့ အဝေးသင်စာမေးပွဲဖြေဆိုရန် လာရောက်ကြစဉ်က မိမိတို့အစီအစဉ်ဖြင့် လာရောက်ကြသော်လည်း ယခုအခါ စာမေးပွဲပြီးချိန်ဖြစ်၍ တစ်စုတစ်ဝေးတည်း ပြန်ကြမည်ဖြစ်ရာ ကျောင်းသားအင်အားများပြားသဖြင့် သင်္ဘောများကို မြို့နယ်အလိုက်ခွဲ၍ ပြေးဆွဲနိုင်ရန် စီစဉ်နေရကြောင်း၊ ကျောင်းသား ကျောင်းသူများ နေရပ်များသို့ စနစ်တကျ ပြန်လည်ရောက်ရှိနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့က စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများ နေရပ်များသို့ စနစ်တကျပြန်နိုင်ရေး စီစဉ်နေမှု၊ ဆရာ ဆရာမများနှင့် တက္ကသိုလ်မှဝန်ထမ်းများ တက္ကသိုလ်အတွင်း အေးချမ်းစွာ တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ် ဆောင်ရွက်ထားရှိမှုတို့ကို ပြောကြားပြီး ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

၂၀၁၃ ပညာသင်နှစ် စစ်တွေတက္ကသိုလ်(အဝေးသင်သင်တန်း)တွင် တတိယအသုတ်အဖြစ် မြန်မာစာ၊ သမိုင်းနှင့် စီးပွားအထူးပြု ကျောင်းသား ကျောင်းသူ ၁၀၀၀၀ ကျော်ခန့်ရောက်ရှိ ပညာသင်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **တင်ထွန်း(ပြန်/ဆက်)**

ချောင်းသာကမ်းခြေ၌ တန်ဆောင်တိုင်ကာလမတိုင်မီ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုများပြား

ချောင်းသာ နိုဝင်ဘာ ၁၉
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာမြို့သို့ တန်ဆောင်တိုင်ကာလ မတိုင်မီ ခရီးသွားဧည့်သည်ဝင်ရောက်မှု များပြားလျက်ရှိရာ ယနေ့တွင် ချောင်းသာကမ်းခြေတစ်လျှောက်တွင် စည်ကားလျက်ရှိကြောင်း သိရသည်။

ချောင်းသာမြို့တွင် ချောင်းသာကမ်းခြေ၌ အပန်းဖြေအနားယူနိုင်သည့်အပြင် ကား၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊ စက်လှေ၊ မော်တော်ဘုတ်များဖြင့် မိနစ်နှစ်ဆယ်၊ မိနစ်သုံးဆယ်ခန့်ဖြင့် သွားရောက်နိုင်သည့် ဖိုးကုလားကျွန်း၊ သဲဖြူကျွန်း၊ ကျောက်မောင်နှမ စသည့် လည်ပတ်အပန်းဖြေစရာ နေရာများလည်း ရှိသည်။

ချောင်းသာ ကမ်းခြေသို့ လာရောက် လည်ပတ်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူနိုင်ရန်၊ လုံခြုံမှုရှိစေရန်၊ ကမ်းခြေ သန့်ရှင်းသာယာလှပရန်၊ ကမ်းခြေတွင် ဈေးရောင်းချသည့် ဈေးသည်များ သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချစေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရန်တို့အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟအောင်ဦးဆောင်ပြီး ဌာနဆိုင်ရာနှင့် ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့များက ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျော်ကျော် (ပြန်/ဆက်)

ထူးခြားသည့် ညအပူချိန်များနှင့် မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် နိုဝင်ဘာ ၁၉
ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်၊ တွန်းဇံမြို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၁၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပုဏ္ဏားကျွန်းမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ မြေပုံမြို့တွင် ၁ ဒသမ ၈၈ လက်မ၊ တံတားဦး (လေကြောင်းမိုးလေဝသ) တွင် ၁ ဒသမ ၇၇ လက်မ၊ မင်းပြားမြို့တွင် ၁ ဒသမ ၄၄ လက်မ၊ စဉ့်ကူးမြို့တွင် ၁ ဒသမ ၃၅ လက်မ၊ ပြင်ဦးလွင်မြို့နှင့် မြောက်ဦးမြို့တို့တွင် ၁ ဒသမ ၃၄ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

ဓားစာခံအချို့လွှတ်ပေးရေး ဟားမားစ်နှင့် သဘောတူညီမှုရရှိပြီဟူသောအချက်ကို အစ္စရေးဝန်ကြီးချုပ်ငြင်းဆို

ဂါဇာ နိုဝင်ဘာ ၁၉

ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်နားထားပါက အပြန်အလှန် အနေဖြင့် ဟားမားစ်အုပ်စုက ဖမ်းဆီးထားသည့် ဓားစာခံအချို့ကို ပြန်လွှတ်ပေးရန် အစ္စရေးနှင့် ဟားမားစ်တို့ သဘောတူညီမှု ရရှိထားသည်ဟူသော အချက်ကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ငြင်းဆိုထားသည်။

ကောလာဟလများစွာရှိပြီး မမှန်ကန်သည့် သတင်းပေးပို့မှုများလည်းရှိကြောင်း၊ အားလုံးကို ရှင်းရှင်းလင်းလင်း ဖြစ်စေချင်ကြောင်း၊ ယခုအချိန်အထိမည်သည့်သဘောတူညီမှုမှ မရရှိသေးကြောင်း အစ္စရေးဝန်ကြီးချုပ်က ပြောသည်။ အကယ်၍ ပြည်သူများအားလုံးကို ရှင်းပြရန်လိုအပ်လာပါက သတင်းထုတ်ပြန်သွားမည်ဟု ၎င်းကပြောသည်။

ကမ္ဘာအရပ်ရပ်မှ လူပေါင်းများစွာတို့သည် အစ္စရေးကို အလုံးစုံအပစ်အခတ်ရပ်စဲရေးအတွက် ဖိအားပေးနေကြသည်ဟု ၎င်းကဆက်လက်ပြောသည်။ အလုံးစုံအပစ်အခတ်ရပ်စဲရေးကို ငြင်းဆိုပြီး ဓားစာခံများ ပြန်လွှတ်ပေးရေးအတွက်သာ ယာယီအပစ်အခတ်ရပ်စဲမှုကို သဘောတူမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောသည်။

အင်န်အိတ်ချ်ကေ

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်မှုဖြစ်ပွား၊ သေဆုံးသူ ရှစ်ဦးအထိရှိလာ

မနီလာ နိုဝင်ဘာ ၁၉

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ နိုဝင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက လှုပ်ခဲ့သည့် ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်ကြောင့် သေဆုံးသူ ရှစ်ဦးအထိ တိုးလာခဲ့ကြောင်း ဖိလစ်ပိုင် သဘာဝဘေးအန္တရာယ် အေဂျင်စီက နိုဝင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

အမျိုးသား သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက အသေအပျောက် အရေအတွက်ကို အတည်ပြုရန် ပြည်နယ်တာဝန်ရှိသူများက စာရင်းကောက်ယူမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

ငလျင်ကြောင့် သေဆုံးသူ ရှစ်ဦးအနက် ဒဗာအို အော့စီဒန်တယ်ပြည်နယ်မှ တစ်ဦး၊ ကိုတာဘာတို တောင်ပိုင်းပြည်နယ်မှ သုံးဦးနှင့် ဆာရန်ဂါနီ ပြည်နယ်မှ လေးဦးဖြစ်ကြောင်း အေဂျင်စီက ပြောကြားသည်။ ငလျင်ကြောင့် လူပေါင်း ၁၅၀၀၀ ကျော် ထိခိုက်ခဲ့ပြီး စာသင်ကျောင်းများ၊ အစိုးရဌာနများ၊ လမ်းတံတားများနှင့် ပုဂ္ဂလိကအဆောက်အအုံများ အပါအဝင် အိမ်ခြေ ၅၀ ခန့်နှင့် အဆောက်အအုံ ၇၀ ကျော် ပျက်စီးခဲ့သည်။ ပျက်စီးသွားသော လမ်းအချို့မှာ ဖြတ်သန်းသွားလာမှု မပြုနိုင်သေးကြောင်း အေဂျင်စီက ဆက်လက် ပြောကြားသည်။

အဆိုပါငလျင်သည် နိုဝင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၄ မိနစ်က ဒဗာအို အော့စီဒန်တယ်ပြည်နယ် ဆာရန်ဂါနီမြို့၏ အနောက်မြောက်ဘက် ၃၄ ကီလိုမီတာခန့် အကွာ ကမ်းလွန်ပင်လယ်ပြင် အနက် ၇၂ ကီလိုမီတာကို ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

အင်ဂိုလာနိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၁၅၀၀၀ ခန့်ရှိဟုဆို

လူအန်ဒါ နိုဝင်ဘာ ၁၉

အင်ဂိုလာနိုင်ငံ၌ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ယာဉ်မတော်တဆမှုများကြောင့် လူပေါင်း ၁၅၀၀၀ နီးပါး သေဆုံးခဲ့ကြောင်း အင်ဂိုလာ ဒုတိယသမ္မတ အက်စပရန်ဒါကော်စတာက ပြောကြားကြောင်း ပြည်တွင်းမီဒီယာတစ်ခုဖြစ်သည့် ဂျာနယ်ဒီအန်ဂိုလာက နိုဝင်ဘာ ၁၉ ရက်တွင် ဖော်ပြသည်။

ယခုနှစ်တွင် ယာဉ်မတော်တဆမှုများ ပိုမိုဆိုးရွားစွာ ဆက်လက်ဖြစ်ပွားနေမည်ကို အစိုးရအနေဖြင့် စိုးရိမ်မိကြောင်း ကမ္ဘာ့ယာဉ်အန္တရာယ်ကြောင့် ထိခိုက်သူများအတွက် အောက်မေ့ဖွယ်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းတွင် ဒုတိယသမ္မတ အက်စပရန်ဒါ ကော်စတာက ထည့်သွင်းပြောကြားခဲ့သည်။

ဇန်နဝါရီလမှ အောက်တိုဘာလအထိ အင်ဂိုလာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယာဉ်မတော်တဆမှု ၁၂၀၆၉ မှု၊ ထိခိုက်ဒဏ်ရာရမှု ၂၆၀၇ မှုနှင့် သေဆုံးသူ ၁၄၉၅၀ ရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။ နှစ်စဉ်နိုဝင်ဘာလ တတိယပတ် တနင်္ဂနွေနေ့တိုင်းတွင် ကျရောက်သည့် ကမ္ဘာ့ယာဉ်အန္တရာယ်ကြောင့် ထိခိုက်သူများအတွက် အောက်မေ့ဖွယ်နေ့ကို ၂၀၀၅ ခုနှစ်က ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အတည်ပြု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

စပေ့စ်အိတ်စ်အာကာသယာဉ်ဒုံးပျံ ဒုတိယအကြိမ်ပျံသန်းစမ်းသပ်မှု မအောင်မြင်

တက္ကဆက် နိုဝင်ဘာ ၁၉

အမေရိကန် အာကာသ ကုမ္ပဏီဖြစ်သည့် စပေ့စ်အိတ်စ်က ထုတ်လုပ်သော လူလိုက်ပါခြင်းမရှိသည့် အာကာသယာဉ် စမ်းသပ်ပျံသန်းမှုမှာ မအောင်မြင်ခဲ့ကြောင်း သိရသည်။ လကမ္ဘာနှင့် မားစ်ဂြိုဟ်တို့သို့ အာကာသယာဉ်မှူးများ သယ်ဆောင်ပေးနိုင်မည့် Starship ဟု အမည်ပေးထားသည့် အာကာသယာဉ်မှာ တက္ကဆက်ပြည်နယ်တောင်ပိုင်း လွှတ်တင်သည့် နေရာမှ ဒုတိယအကြိမ် စမ်းသပ်ပျံသန်းခဲ့ခြင်းဖြစ်သည်။

အရှည်မီတာ ၁၂၀ ရှိသည့် အဆိုပါအာကာသယာဉ်မှာ လွှတ်တင်ပြီးနောက် သုံးမိနစ်ကြာသည်အထိ အောင်အောင်မြင်မြင် ပျံသန်းနိုင်ခဲ့သည်။ သို့သော်လည်း ပို၍အရှိန်မြင့်မြင့် ပျံတက်သွားသည့်အခါ အာကာသယာဉ်နှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ရသည်။ ဒုတိယအဆင့်ကို ကျရှုံးသွားခြင်း ဖြစ်နိုင်ကြောင်း ကုမ္ပဏီက ပြောသည်။

ပြီးခဲ့သည့် ဧပြီလအတွင်း Starship ယာဉ်ပထမကြိမ် လွှတ်တင်ပျံသန်းမှုမှာ လေးမိနစ်အကြာတွင် ပေါက်ကွဲပျက်စီးသွားပြီးနောက် အဆင့်နှစ်ဆင့်ကြား ဆက်စပ်သည့်အပိုင်းကို တိုးတက်မှုများဖြစ်လာစေရန် ကုမ္ပဏီက ကြိုးပမ်းခဲ့သည်။ အမေရိကန် အာကာသအေဂျင်စီဖြစ်သည့် နာဆာသည် လပေါ်သို့လူလိုက်ပါသည့် ပရိုဂရမ်နှင့် ပတ်သက်၍ စပေ့စ်အိတ်စ်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုထားရာ Starship ပရိုဂရမ်၏ အောင်မြင်မှုမှာ အရေးကြီးသည်။

အင်န်အိတ်ချ်ကေ

Starship အာကာသယာဉ်ဒုံးပျံ လွှတ်တင်မှုကိုတွေ့ရစဉ်။

နိုဝင်ဘာလ ပထမ ၁၅ ရက်အတွင်း သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြားခရီးသွား ၇၄၆၆၄ ဦး ဝင်ရောက်

ကိုလံဘို နိုဝင်ဘာ ၁၉

နိုဝင်ဘာလ ပထမ ၁၅ ရက်အတွင်း သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြားခရီးသွား ၇၄၆၆၄ ဦး ဝင်ရောက်မှုရှိခဲ့ကြောင်း သီရိလင်္ကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ (အက်စ်အယ်လ်တီဒီအေ) က ထုတ်ပြန်သော နောက်ဆုံးအချက်အလက်များအရ သိရသည်။

သီရိလင်္ကာနိုင်ငံသို့ ထိုကဲ့သို့ နိုင်ငံခြား ခရီးသွားဝင်ရောက်မှု အရေအတွက်သည် ယခုနှစ်၌ လတစ်လ၏ ပထမဆုံးရက်သတ္တနှစ်ပတ်အတွင်း အမြင့်ဆုံး ဝင်ရောက်မှု ပမာဏဖြစ်ကြောင်း အက်စ်အယ်လ်တီဒီအေ ထုတ်ပြန်ချက်အရ သိရသည်။

ယခင် ပထမဆုံး ၁၅ ရက်အတွင်း သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြား ခရီးသွားဝင်ရောက်မှု ပမာဏအများဆုံးမှာ ၆၀၈၈၂ ဦးဖြစ်ပြီး ယခုနှစ် မတ်လတွင် မှတ်တမ်းတင်ထားသည်။ ထို့ပြင် နိုဝင်ဘာလတွင် ခရီးသွားဝင်ရောက်မှု ၂၀၄၁၁၄ ဦးဖြင့် အမြင့်မားဆုံး ဝင်ရောက်မှု ရှိလိမ့်မည်ဟုလည်း အက်စ်အယ်လ်တီဒီက ခန့်မှန်းထားသည်။

ဇန်နဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ သီရိလင်္ကာနိုင်ငံသို့ ခရီးသွားဝင်ရောက်မှုစုစုပေါင်းမှာ ၁၂၀၀၁၁၉ ဦးရှိပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၉ ဘီလီယံ ရှာဖွေနိုင်ခဲ့ကြောင်း တရားဝင် အချက်အလက်များတွင် ဖော်ပြထားသည်။ သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ကဏ္ဍသည် ယခုနှစ်တွင် ခရီးသွား နှစ်သန်းဝင်ရောက်မှုရှိရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဆင်ဟွာ

စာပေကိုချစ်ပြီးတော့ တစိုက်မတ်မတ်လုပ်ခဲ့တဲ့ ကလောင်အိုကြီးတွေအတွက်ကတော့ ဒါဟာကြီးမြတ်တဲ့ ဆုလာဘ်တစ်ပါးပါပဲ

ကြူကြူသင်း

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသား စာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၂၂ ခုနှစ်အတွက် အမျိုးသား စာပေတစ်သက်တာဆုရှင်များကို ရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်ခံရသော စာရေးဆရာ၊ ဆရာမကြီးအား မြန်မာ့အလင်းမှ တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

စာပေပညာရှင် ဆရာကြီး ဦးချစ်စံ(ချစ်စံဝင်း)

"အမှတ်မထင်ပဲ ဒီဆုရတဲ့အတွက် ဝမ်းမြောက်ပါတယ်။ ဒါကြောင့် အသက် ၈၀ ကျော်တဲ့အထိ စာပေကို တောက်လျှောက်လုပ်ခဲ့တဲ့ အတွက် နိုင်ငံတော်က ချီးမြှင့်တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ မြန်မာ့သမိုင်း၊ ရှေးဟောင်းမြန်မာစာပေရေးရာတို့နဲ့ ပတ်သက်တဲ့ လေ့လာမှုများကို သုတေသနပြုဆောင်ရွက်ချက်တွေကို ရေးသား ခဲ့ပါတယ်" ဟုပြောသည်။

စာရေးဆရာ ချစ်စံဝင်းသည် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ရစ်ကန်ကြီးရွာတွင် အဖ ဦးကျော်စိန်၊ အမိဒေါ်လှသန်းတို့က ၁၃၀၁ ခုနှစ် ပြာသိုလဆန်း ၁၄ ရက်၊ (တနင်္လာနေ့)၊ ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီ ၂၂ ရက်တွင် မွေးဖွားသည်။ ငယ်စဉ်က ရစ်ကန်ကြီးရွာ မူလတန်း ကျောင်းနှင့် ရစ်ကန်ကြီးရွာဘုန်းတော်ကြီးကျောင်းတို့တွင် ပညာ သင်ကြား၍ ၁၉၅၇ ခုနှစ်တွင် ပဲခူးမြို့ အထူးသဒ္ဒါသင်ကျောင်းက တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ရန်ကင်းကောလိပ်၊ ရန်ကုန် တက္ကသိုလ်နှင့် လုပ်သားများကောလိပ်တို့တွင် စာပေဆက်လက် သင်ကြားကာ ဝိဇ္ဇာဘွဲ့ရရှိသည်။ ၁၉၆၄ ခုနှစ်မှစ၍ ယနေ့အထိဆောင်းပါး ပေါင်း ၉,၀၀ ခန့်၊ စာအုပ်ပေါင်း ၂၁၀၊ စာတမ်း ၂၀၊ ရုပ်ရှင်ဇာတ်ညွှန်း ငါးပုဒ်တို့ကို ရေးသားခဲ့ပြီး အမျိုးသားစာပေဆု နှစ်ကြိမ်၊ ပခုက္ကူ ဦးအုံးဖေစာပေဆု တစ်ကြိမ်၊ သုတစွယ်စုံစာပေဆုတစ်ကြိမ်၊ မြန်မာ နိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ သုတစွယ်စုံစာပေတိုက် က ချီးမြှင့်သော ဘဝတစ်သက်တာစာပေဆုနှင့် ထွန်းဖောင်ဒေးရှင်း စာပေဆုတစ်ကြိမ်တို့ကိုရရှိသည်။ ဆရာသည် ၁၉၇၂ ခုနှစ်က စာပေ ဝါသနာရှင်တစ်ဦးဖြစ်သူ ဒေါ်မော်မော်(ဆရာမ လမင်းအိမ်) နှင့် လက်ထပ် ၍ သားသုံးဦး ထွန်းကားပြီး ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

စာရေးဆရာမကြီး ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)

"တစ်သက်တာစာပေဆုဆိုတာ စာပေကိုချစ်မြတ်နိုးပြီး တစိုက် မတ်မတ်လုပ်ခဲ့တဲ့သူတွေအားလုံးရဲ့ အာရုံရှိတဲ့ ဆုကြီးပါပဲ။ ဒီလို ကိုယ့်တစ်သက်တာလုံး တစ်ဘဝလုံးမှာ ရေးခဲ့တဲ့စာတွေကို အသိ အမှတ်ပြုပြီးတော့ ချီးမြှင့်တယ်ဆိုတော့ ဒါကဝမ်းမြောက် ဂုဏ်ယူ ရတာပေ့ါရှင်။ ဒီဆုရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ အခုတစ်သက် တာဆု ဖြစ်ပေါ်လာတာကလည်း ဒါသက်ကြီးရွယ်အိုခေါ်မလား၊ ကလောင်အိုများအတွက်ပေ့ါနော်၊ စာပေကိုချစ်ပြီးတော့ တစိုက် မတ်မတ်လုပ်ခဲ့တဲ့၊ ရေးသားခဲ့တဲ့ ကလောင်အိုကြီးတွေအတွက် ကတော့ ဒါဟာကြီးမြတ်တဲ့ ဆုလာဘ်တစ်ပါးလို့ပဲ ယူဆပါတယ်။

၁၅ နှစ်သမီးကတည်းက စာစပြီးရေးတာ၊ အခု ၈၂ နှစ် ရှိပါပြီ။ ကျွန်မစရေးတာကတော့ ကဗျာလေးတွေပါ။ ဒါပေမယ့်လည်း တစ်ချိန် တည်းလိုလိုပါပဲ ဝတ္ထုကိုဆက်ရေးတယ်ဆိုပါတော့။ အများကြီးတော့ မဟုတ်ဘူး၊ ကျွန်မကရေးချင်တဲ့ စိတ်ရှိမှရေးတာ၊ ရင်ထဲကို ဖျတ်ခနဲ ခံစားလိုက်ရရင် အဲဒါမျိုးမှ ရေးဖြစ်တာပေ့ါနော်၊ ဖန်တီးပြီးမှ ရေးတာ မျိုး ကျွန်မ မရေးဖြစ်ဘူး၊ အခုအသက်ကြီးလာတော့လေ ခဏခဏ ဖျတ်ခနဲဖျတ်ခနဲ ဖြစ်တာတွေများတော့လည်း ရိုးသွားသလိုပဲ။ ထူးထူး ခြားခြား စာတွေကတော့ ဘယ်လိုပြောမလဲ လူငယ်တွေပြောတဲ့ စကားနဲ့ပေ့ါလေ ထိုးဖောက်တဲ့ စာမျိုးတော့ ကျွန်မသိပ်မစွမ်းဘူး ပေ့ါလေ၊ ဒီလိုပဲ ရှေးရိုးပဲပေ့ါ၊ အရင်တုန်းက ကျွန်မတို့ကို လမ်းညွှန် ပြသပေးကြတဲ့ လက်တွဲခေါ်ကြတဲ့ ဆရာကြီးတွေကလည်း အခုမရှိ တော့ပါဘူး။ သူတို့ရဲ့စာပေတွေ၊ သူတို့ရဲ့ အဆိုအမိန့်တွေ၊ သူတို့ရဲ့ လမ်းညွှန်မှုတွေ ခံယူခဲ့ရတယ်၊ ကံကောင်းခြင်းတစ်မျိုးပါပဲ။ အဲဒီလို ခံယူခဲ့ရတော့ မြန်မာစာကိုလည်း ပီပီပြင်ပြင်ရေးတတ်ဖို့ ရေးနိုင်ဖို့၊ အတွေးအခေါ် မှန်မှန်ကန်ကန် တွေးတတ်ဖို့၊ မှန်တာကိုမြင်ပြီးတော့ မှန်တာကိုပဲ ရေးဖို့စသည်ဖြင့်ပေ့ါလေ သတ္တိမွေးဖို့ပေ့ါလေ အစုံပါပဲ။ ဆရာကြီးတွေရဲ့ စာတွေကနေ သင်ယူခဲ့ရတယ်၊ ကျွန်မတို့က ရိုးရိုးကြီး

စာပေပညာရှင် ဆရာကြီး ဦးချစ်စံ (ချစ်စံဝင်း)

စာရေးဆရာမကြီး ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)

လိုင်းပေ့ါလေ။ ခုခေတ်ကလေးတွေ ရေးနေသလိုတော့ ထိုးဖောက်ပြီး ရေးတာတော့ ကျွန်မအားနည်းပါတယ်။ စာကောင်းရေးဖို့ စိတ်ကောင်းထားရမယ်ဆိုပြီး ဆရာကြီး ဇော်ဂျီတို့က ဒီလိုပဲ အမိန့် ရှိခဲ့ပါတယ်။ ကျွန်မတို့က အဲဒီလိုဆရာတွေနဲ့ သူတို့ရဲ့ရင်အုပ်မကွာ အုပ်ထိန်းမှု၊ စာပေအုပ်ထိန်းမှုအောက်မှာ ကျွန်မတို့က နေခဲ့ရတော့ သူတို့လျှောက်တဲ့လမ်းကြောင်းကိုပဲ ကျွန်မတို့ကလည်း လျှောက်ချင် တဲ့ စိတ်ဓာတ်အားသန်တယ်ပေ့ါလေ။ လျှောက်ဖို့လည်း ကြိုးစား ခဲ့တယ်ပေ့ါ၊ ဒါပေမယ့်မမီပါဘူး၊ ဘယ်လိုမှမမီနိုင်ပါဘူး။

အားလုံးခြုံပြောရရင် အရင်ဆရာကြီးတွေကို မီဖို့ဆိုတာတော်တော် ကို ကြိုးစားရမယ်လေ။ ဒါပေမယ့်တစ်ခုတော့ ရှိပါတယ်၊ စာရေးတဲ့ သူတွေအားလုံးက စေတနာရှိတယ်။ ဆိုလိုတာက စိတ်ကောင်းရှိမှသာ စာရေးလို့ရတာလေ၊ စာပေအပေါ်မှာထားတဲ့ သစ္စာတရားပေ့ါ။ အများ အတွက်ဆိုရင် ဆယ်ပြားဖိုးပဲရရ၊ တစ်ကျပ်ဖိုးပဲရရ ပေးချင်တဲ့ စိတ်ရှိကြပါတယ်။ ပေးဖို့ဆိုတာကလည်း ကိုယ့်ဆီမှာရှိမှ ပေးလို့ရတာ၊ ကိုယ့်မှာမရှိရင်လည်း ပေးလို့မရဘူး။ အဲဒီတော့ ကိုယ့်မှာပြည့်စုံအောင် လို့ စာရေးဆရာက ကြိုးစားရတာပါပဲ။ စာရေးဆရာတွေဆိုတာက စာနဲ့လူနဲ့ စိတ်ဆန္ဒနဲ့က အမြဲတမ်းထပ်တူကျတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ စာဖတ်တဲ့သူအတွက်ကိုး။ အကျိုးကျေးဇူးရှိစေချင်တဲ့ စိတ် စေတနာလေ။ စာရေးဖို့ဆိုတာ တချို့က အတော်များများက သတ်မှတ် တာ ဝတ္ထုရေးတယ်ဆိုရင် ဇာတ်လမ်းကောင်းရမယ်၊ ဇာတ်ကောင် စရိုက်ပီပြင်ရမယ်၊ အချိုးအကွေ့ အတက်အကျ၊ အနိမ့်အမြင့် အဲဒါတွေ စုံရမယ်ပေ့ါ။ အလှည့်အပတ် အကွေ့အကောက်တွေများရမယ်။ အဲဒါ ဆိုလို့ရှိရင် လူထုစာဖတ်တဲ့သူဆိုရင်တော့ စွဲတယ်ပေ့ါ၊ ဒါမျိုးစာက ပေါက်ရောက်တယ်ပေ့ါနော်၊ စာကောင်းလို့ သတ်မှတ်ကြတယ်။ အဲဒီမှာ တစ်ခုအမြဲတမ်းထပ်ဖြည့်ဖြစ်တာက အဲဒီလိုဖြစ်ရုံနဲ့ မပြီးဘူး။ စာဆိုတာ ရင်ထဲကစိတ်စေတနာပါမှ အကျိုးကျေးဇူးတွေ ပေးနိုင် သလောက် အဲဒီလိုပေးနိုင်တဲ့အခါမျိုးမှ ကျွန်မကတော့ စာကောင်းလို့ သတ်မှတ်တယ်၊ ဒီလိုပဲယူဆမိပါတယ်။ ဒါပေမယ့် အမြဲတမ်းပဲ ကောင်းတာတွေပဲ ပေးနေချင်လို့ရသလားဆိုတော့လည်း လောကဓံ တရားက အမျိုးမျိုးရှိတယ်လေ။ ကောင်းတာလည်းလာမယ်၊ မကောင်း တာလည်းလာမယ်၊ ဒါပေမယ့် ကိုယ်ကအဲဒီအထဲက ရွေးထုတ်ပြီးတော့ မကောင်းတာကို ကောင်းတာဖြစ်အောင်ပေ့ါနော်၊ ဆိုးနေတာကို ကောင်းအောင် အဲဒီလိုလေးတွေ ကိုယ်ကိုယ်တိုင်ကလည်း အားထုတ်ပြီး တော့ ရေးဖွဲ့မှုကို ကျွန်မအနေနဲ့တော့ ကြိုးစားပါတယ်" ဟုပြောသည်။

စာရေးဆရာမကြီး ဒေါ်ကြူကြူသင်းသည် အဖ ဦးစိန်မောင်၊ အမိ ဒေါ်ခင်ရီတို့မှ ၁၉၄၂ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်ဒေသ၊ ဝါးခယ်မ မြို့၌ မွေးဖွားခဲ့သည်။ ရုပ်ရှင်မင်းသမီးကြီး မေရှင် သီဆိုခဲ့သည့် "ချစ်ရေစင်" သီချင်းထဲမှ "ကြူကြူသင်းတဲ့ ရွှေနှင်းဆီရယ်၊ ဆင်းရနံ့က မွှေးတယ်" ဟူသော စာသားကို နှစ်သက်၍ "ကြူကြူသင်း" ဟု ကလောင် အမည်ယူခဲ့သည်။ အမည်ရင်းမှာ ဒေါ်ခင်သန်းဝင်းဖြစ်သည်။ ၁၉၅၇ ခုနှစ် ၈ တန်းကျောင်းသူဘဝ၌ တိုင်းရင်းမေဂျာနယ်တွင် ကဗျာများရေးသားခြင်းဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ယနေ့အထိ လုံးချင်းဝတ္ထု ၁၄ အုပ်၊ ဝတ္ထုတိုပေါင်းချုပ် ၁၇ အုပ်၊ ကဗျာပေါင်းချုပ် တစ်အုပ်၊ ပြဇာတ်ပေါင်းချုပ် နှစ်အုပ်၊ ဆောင်းပါးပေါင်းချုပ် နှစ်အုပ်၊ မဂ္ဂဇင်းဝတ္ထုရှည် တစ်အုပ် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ကဗျာတစ်ပုဒ် နှင့် ဝတ္ထုတိုအချို့ကို အင်္ဂလိပ်၊ ဂျပန်၊ ရုရှားဘာသာများသို့ ပြန်ဆို၍ သက်ဆိုင်ရာ နိုင်ငံအသီးသီးတွင် ထုတ်ဝေဖြန့်ချိခဲ့သည်။ "မြန်မာ့နှဲ" စာတမ်း၊ "မြတ်နိုးဖွယ်ရာ မြန်မာကဗျာများ" စာတမ်းနှင့် "၁၉၈၁ ခုနှစ် မတိုင်မီ အမျိုးသားရေး ညွှန်းဖွဲ့တေးစာတမ်း စသည့် မြန်မာ့စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ စာတမ်းများကိုပြုစုရေးသား ဖတ်ကြားခဲ့ပြီးဖြစ်သည်။

၁၉၈၁ ခုနှစ်တွင် "စံပယ်တကုံး ဂမုန်းတပွင့်" ဝတ္ထုတိုပေါင်းချုပ် ဖြင့်လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် ရွှေတံခါးကြီးဖွင့်ပါဦး" နှင့် အခြား ပြဇာတ်များ စာအုပ်ဖြင့်လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် "သိင်္ဂါရရသ" ဝတ္ထုတို စုစည်းမှု စာအုပ်ဖြင့်လည်းကောင်း အမျိုးသားစာပေဆု သုံးကြိမ်ရရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတော်မှချီးမြှင့်သော ဝိဇ္ဇာ ပညာထူးချွန်ဆု (ဒုတိယဆင့်)ကိုရရှိပြီး ၂၀၁၄ ခုနှစ်တွင် အရှေ့တောင် အာရှစာပေ (The S.E.A Award) ဝတ္ထုတိုဆုကို "ဘဝရိပ်ရောင်" ဝတ္ထုတိုစု (Shades of Life) ဖြင့် ရရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် "မှတ်မိနေတယ်" လုံးချင်းဝတ္ထုရှည်ဖြင့် ဆရာဝန်တင်ရွှေ စာပေဆု ရရှိခဲ့သည်။ ယခုအခါ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်တွင် မိသားစုနှင့် အတူ နေထိုင်လျက်ရှိသည်။

အာကာလင်း၊ ဓာတ်ပုံ-တင်စိုး

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၉

ကမ်းရိုးတန်းဒေသ တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့ မောင်ရွှေလေးကျေးရွာရှိဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၄၄၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကု ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၄၃ ဦး၊ ခွဲစိတ်ရောဂါ ၃၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၇ ဦး၊ ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ၄၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀၊ မျက်စိရောဂါ ၈၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ ခတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁ ဦးနှင့် ခတ်ခွဲစမ်းသပ်လူနာ ၃၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ လေးဦးကို တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဝဲကြီးကျေးရွာအုပ်စု လက်ပံသာယာကျေးရွာ ဆိပ်ကမ်းသို့ ရောက်ရှိရာ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့ သွားနှင့် ခံတွင်းရောဂါ ကုသပေးစဉ်။

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးစဉ်။

အဆိုပါ နယ်လှည့်အထူးကု ဆေးအဖွဲ့သည် မိုးညိုမြို့နယ် လက်ပံသာယာ ကျေးရွာရှိ သာသနာအောင် ကျောင်းတိုက်တွင်အခြေပြု၍ မိုးညိုမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၁၆၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၆၂ ဦး၊ ခွဲစိတ်ရောဂါ နှစ်ဦး၊ သားဖွား/မီးယပ်ရောဂါ လေးဦး၊ ကလေးရောဂါ နှစ်ဦး၊ အရိုးရောဂါ ၃၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ခုနစ်ဦး၊ မျက်စိရောဂါ ၄၄ ဦးနှင့် သွားရောဂါ ခြောက်ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ခြောက်ဦးနှင့် ECG စက်ဖြင့် နှလုံးစမ်းသပ် လူနာလေးဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေး ဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုကြားသိခဲ့ရပါသည်-

ဒေါ်ဆယ်တို

ဦးဇော်မင်း

ဒေါ်ဆယ်တို (မောင်ရွှေလေး ကျေးရွာ၊ သံတွဲမြို့နယ်)

အဘွားက မျက်စိမမြင်တာ နှစ်နှစ်ကျော်သွားပါပြီ။ ဒါကြောင့် လာပြတာပါ၊ မျက်စိတွေမှုန်ဝါးဝါး ဖြစ်တဲ့အခါမှာ စားရတာလည်း မကောင်း၊ အိပ်ရတာလည်း မကောင်း၊ သွားရတာလည်း မကောင်းဖြစ်နေပါတယ်။ ထမင်းတစ်လုတ်ကို စားရတာလည်း အရိုးမှန်းမသိ၊ အရည်မှန်းမသိ ခံစားနေရပါတယ်။ အဘွားမှာ ဆေးကုသဖို့က ပိုက်ဆံမရှိလို့ မကုသနိုင်ပါဘူး။ တပ်မတော် နယ်လှည့် ဆေးကုရေးအဖွဲ့ လာရောက် ကုသမယ်ဆိုတာကို စောင့်နေရတာပါ။ သူများပြောသံကြားတော့ ကိုယ့်တောင်ဝှေးကို ဆွဲပြီး ပြေးလာခဲ့ရတာပါ၊ မျက်စိပြန်ကောင်းဖို့ အလွန်အားရှိသွားပါတယ်။ အခုလိုကုသပေးတဲ့အတွက်ကြောင့် တပ်မတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

ဦးဇော်မင်း (လက်ပံသာယာ ကျေးရွာ၊ မိုးညိုမြို့)

မျက်စိအားနည်းလို့ လာပြတာပါ။ ဒီမှာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့တွေက ကျေးရွာအုပ်စုအလိုက် အကြောင်းကြားလို့ သိရလို့လာပြတာပါ။ ဒီအတိုင်းအတာထိအောင် ဒီလိုအရပ်ဒေသမျိုးတွေမှာ အခုလို လာရောက်ကုသမှုပေးလို့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ အနီးနားပတ်ဝန်းကျင်ကလည်း လာကြပါတယ်။ လူသတင်း လူချင်းဆောင်ဆိုသလိုပေါ့ဗျာ။ သိတဲ့လူတွေများတော့ အတိုင်းထက် အလွန်ပါပဲ။ ကျွန်တော်တို့ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။

မင်းလှမြို့တွင် ၂၄ နာရီ Helpline ဝန်ဆောင်မှု အသိပညာပေးပိုစတာစိုက်ထူခြင်း ဆောင်ရွက်

မင်းလှ နိုဝင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ၂၄ နာရီ Helpline ဝန်ဆောင်မှုအသိပညာပေး ပိုစတာစိုက်ထူဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက မင်းလှမြို့အဝင် တြိဂံလမ်းဆုံ၌ စိုက်ထူသည်။

အဆိုပါ ၂၄ နာရီ Helpline ဝန်ဆောင်မှုအသိပညာပေးပိုစတာတွင် တိုင်ကြားနိုင်သည့်ဖြစ်ရပ်များမှာ ပဋိပက္ခဖြစ်စဉ်အတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရရှိစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ အိမ်တွင်းအကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှု၊ ကျား၊ မ အခြေပြုအကြမ်းဖက်မှု၊ ကလေးသူငယ်၊ မသန်စွမ်း၊ သက်ကြီးရွယ်အိုကိစ္စရပ်များ စသည်တို့ပါဝင်ပြီး တိုင်ကြားမှုများကို ဥပဒေအရစိစစ်အရေးယူဆောင်ရွက်နိုင်ရေး အကူအညီပေးသွားမည်ဖြစ်ကြောင်း ပါဝင်သည်။

မင်းလှမြို့တွင် ၂၄ နာရီ Helpline ဝန်ဆောင်မှုအသိပညာပေး ပိုစတာစိုက်ထူရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငယ်ငယ်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇာဇာ(အထက်မင်းလှ)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၁-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၀၁	၂၀၇၄
95 Ron	၂၁၂၉	၂၂၀၅
HSD (500 ppm)	၂၀၁၈	၂၀၈၇
HSD (50 ppm)	၂၁၀၄	၂၁၇၆
HSD (10 ppm)	၂၁၀၈	၂၁၇၉

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နေရင်းဒေသနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးလာခြင်းသည် ကျားမျိုးစိတ် ရေရှည်တည်တံ့မှုကို ခြိမ်းခြောက်နေ

သီဟစည်သူ

ကုလသမဂ္ဂ နိုင်ငံတကာတောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ ကုန်သွယ်မှုဆိုင်ရာ စာချုပ်အဖွဲ့ (CITES) ၏ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အထိ ကမ္ဘာ့ကျားကောင်ရေ စုစုပေါင်း ခန့်မှန်းအရေအတွက်မှာ ၅၈၇၀ အထိ ရှိလာခဲ့ပြီး ၂၀၁၀ ပြည့်နှစ်ကထက် ၆၀ ရာခိုင်နှုန်းကျော်အထိ တိုးလာခဲ့ပြီဖြစ်ကြောင်း ယခုနှစ် စက်တင်ဘာလအတွင်း ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘာ့ကျားကောင်ရေ ထိန်းသိမ်းရေးအတွက် စိန်ခေါ်မှုများစွာရှိနေ

၂၀၁၀ ပြည့်နှစ်တွင် စိန့်ပီတာစဘတ် ကြေညာစာတမ်းအရ ကျားများကျက်စားနေထိုင်သည့် ကမ္ဘာ့နိုင်ငံ ၁၃ ခုက ကျားမျိုးစိတ်များ ကျဆင်းလာမှုကို ထိန်းချုပ်ရန်နှင့် ၂၀၂၂ ခုနှစ်တွင် ၎င်းတို့၏ အရေအတွက်ကို နှစ်ဆတိုးရန် ကတိပြုခဲ့သည်။ တောင်အာရှနိုင်ငံများနှင့် ရုရှားနိုင်ငံတို့တွင် တောရိုင်းကျားကောင်ရေ တိုးပွားသော်လည်း အရှေ့တောင်အာရှဒေသများဖြစ်သည့် ဘူတန်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်တို့ကဲ့သို့သော အရှေ့တောင်အာရှနိုင်ငံများတွင်မူ ကမ္ဘာ့ကျားကောင်ရေပြန်လည်ထိန်းသိမ်းရေးအတွက် စိန်ခေါ်မှုများစွာ ရှိနေသည်။

အဆိုပါနိုင်ငံများတွင် ကင်းလှည့်ခြင်းများ လုံလောက်အောင် မလုပ်ဆောင်နိုင်ခြင်း၊ တောရိုင်းတိရစ္ဆာန်များ စောင့်ကြပ်ကြည့်ရှုနိုင်မှုအားနည်းခြင်း၊ စီးပွားဖြစ်လိုအပ်ချက်များအတွက် သစ်တောများဆုံးရှုံးခြင်း၊ တရားမဝင်တောရိုင်းတိရစ္ဆာန်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုများရှိနေခြင်း၊ အခြေခံအဆောက်အအုံများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာခြင်း၊ နေရင်းဒေသများ ပျောက်ဆုံးလာခြင်းနှင့် ကျားအစားခံသတ္တဝါများ ရှားပါးလာခြင်းစသည့် စိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်နေရသည်။ အထူးသဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်မှု အားနည်းခြင်းနှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်းသည် ကျားကောင်ရေကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းများဖြစ်ကြောင်း CITES ၏ အစီရင်ခံစာက သုံးသပ်ထားသည်။

နီပေါနိုင်ငံ၌ ကျားကောင်ရေ သုံးဆအထိ တိုးလာ

တောင်အာရှရှိ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယနှင့် နီပေါအပါအဝင် အရှေ့မြောက်အာရှရှိ တရုတ်နှင့် ရုရှားနိုင်ငံတို့၏ ကျားကောင်ရေ ထိန်းသိမ်းရေးအောင်မြင်မှုသည် နေရင်းဒေသများ ထိန်းသိမ်းရေးနှင့် ကာကွယ်ရေးအတွက် ထိရောက်သော ဆောင်ရွက်မှုများကြောင့် ဖြစ်ကြောင်း ယူဆကြပြီး နီပေါနိုင်ငံ၌ ကျားကောင်ရေ သုံးဆအထိ တိုးတက်လာခဲ့သည်။

သစ်တောများဆုံးရှုံးခြင်းသည် ကျားကောင်ရေကျဆင်းမှု၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်

သဘာဝအတွင်း အကောင်ရေနည်းပါးစွာ ရှင်သန်လျက်ရှိသည့် ကျားကောင်ရေသည် နေရင်းဒေသများ ဆုံးရှုံးခြင်း၊ သားကောင်ပြုန်းတီးခြင်းနှင့် ကျားများအား တရားမဝင်ကုန်သွယ်ခြင်းကို ထိန်းချုပ်ရန် ယခုအချိန်တွင် ထိရောက်စွာ မလုပ်ဆောင်ပါက ကျားမျိုးစိတ်များ ရေရှည်တည်တံ့နိုင်မည်မဟုတ်ကြောင်း တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာစာချုပ်အဖွဲ့ (CITES) ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ အရှေ့တောင်အာရှဒေသတွင် သစ်တောများဆုံးရှုံးခြင်းသည် ကျားကောင်ရေ လျင်မြန်စွာကျဆင်းမှု၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ကြောင်း အစီရင်ခံစာက ဆိုသည်။

ထို့ကြောင့် ကျားမျိုးစိတ်များ ဆက်လက်ရှင်သန်နိုင်ရေးအတွက်–

(၁) ကျားများ၏ နေရင်းဒေသများနှင့် ဆက်စပ်နေသော နေထိုင်ရာများကို လုံခြုံစေခြင်း၊

“မြန်မာနိုင်ငံမြောက်ပိုင်းတွင် ဟူးကောင်းချိုင့်ဝှမ်း ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ဧရိယာ ၆၇၀၈ စတုရန်းမိုင်ရှိ အဆိုပါနယ်မြေသည် ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်သည်။ ကျားတွေ့ရှိမှု အထောက်အထားများအရ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ တနင်္သာရီတိုင်းဒေသကြီးရှိ တနင်္သာရီကြိုးဝိုင်းတို့ကို ကျားထိန်းသိမ်းရေး ဦးစားပေးဒေသများအဖြစ် ထိန်းသိမ်းကာကွယ်လျက်ရှိ”

(၂) ကျားကောင်ရေတိုးပွားစေခြင်း၊

(၃) လူနှင့် ကျားများကြား ပဋိပက္ခများကို ကောင်းမွန်စွာ စီမံခန့်ခွဲခြင်း၊

(၄) ကျားထိန်းသိမ်းရေးနှင့် ရပ်ရွာအသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများအတွက် ရေရှည်တည်တံ့သော ဘဏ္ဍာငွေများ ချထားပေးခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်ကြောင်း ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့ (WWF) က အကြံပြုထားသည်။

ကမ္ဘာလုံးဆိုင်ရာ ကျားထိန်းသိမ်းရေးဖိုရမ်၏ လေ့လာမှုအရ မြန်မာနိုင်ငံတွင် ကျားကောင်ရေ ၃၈ ကောင်အထိရှိ

ထို့ကြောင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်း အစီအစဉ်တွင် အဓိက လုပ်ငန်းကြီးနှစ်ရပ်ဖြစ်သည့် နေရင်းဒေသပြန်လည်ထိန်းသိမ်းခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းတို့ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအတွင်း ကျားကောင်ရေ ထိန်းသိမ်းရေးအတွက် (၂၀၂၀–၂၀၂၅)ခုနှစ် စီမံချက်ရေးဆွဲပြီး ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကင်မရာထောင်ချောက်ဖြင့် မှတ်တမ်းတင်လေ့လာမှုများအရ ကျားကောင်ရေ ၂၂ ကောင်မှ ၂၅ ကောင်အထိ တိုးလာခဲ့ပြီး ကျားအစားခံသတ္တဝါများလည်း ပေါများမှုရှိလာပြီဖြစ်ကြောင်း သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အချက်အလက်များအရ သိရသည်။ ထို့ပြင် ကမ္ဘာလုံးဆိုင်ရာ ကျားထိန်းသိမ်းရေးဖိုရမ်၏ လေ့လာခန့်မှန်းမှုများအရ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျားကောင်ရေ ၃၈ ကောင်အထိရှိကြောင်း ဇူလိုင် ၂၉ ရက်က ထုတ်ပြန်သည့် ကမ္ဘာ့ကျားထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံမြောက်ပိုင်းတွင် ဟူးကောင်းချိုင့်ဝှမ်း ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ဧရိယာ ၆၇၀၈ စတုရန်းမိုင်ရှိ အဆိုပါနယ်မြေသည် ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်သည်။ ကျားတွေ့ရှိမှု အထောက်အထားများအရ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ တနင်္သာရီတိုင်းဒေသကြီးရှိ တနင်္သာရီကြိုးဝိုင်းတို့ကို ကျားထိန်းသိမ်းရေး ဦးစားပေးဒေသများအဖြစ် ထိန်းသိမ်းကာကွယ်လျက်ရှိသည်။

ထို့ကြောင့် ကမ္ဘာပေါ်တွင် နိုင်ငံအနည်းငယ်၌သာ ရှင်သန်နေပြီး မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ခြေရှိသည့် ကျားမျိုးစိတ်များသည် မြန်မာနိုင်ငံ၏ ဂုဏ်ယူစရာ ဇီဝအမွေအနှစ်တစ်ခုဖြစ်ပြီး ၎င်းတို့ ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ ဆက်စပ်ဌာနဆိုင်ရာ အဖွဲ့အစည်းများက ပူးပေါင်းကာကွယ်စောင့်ရှောက်လျက်ရှိရာ ကျားအပါအဝင် တောရိုင်းတိရစ္ဆာန်များကို အမဲလိုက်သတ်ဖြတ်ခြင်းမပြုကြရန်နှင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် ကျားများပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်ဆက်လက်တည်တံ့နေစေရေး အတူတကွ ကြိုးပမ်းဆောင်ရွက်နိုင်ကြစေရန် တိုက်တွန်းရေးသား ဖော်ပြအပ်ပါသည်။

ကိုးကား –

(၁) **60% increase in overall tiger population, but habitat & biodiversity loss threatening Southeast Asian big cats**

(၂) **Press–release_Global–Tiger–Day2023_GTF**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

တရားဥပဒေနှင့်အညီ ဆောင်ရွက်

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် "Tr Kay Patricia" Facebook အကောင့်ပိုင်ရှင် ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင် ရပ်ကွက်နေ ကေသွယ်ထွန်း(၅၂)နှစ်အား နံနက် ၁၁ နာရီတွင် လည်းကောင်း၊ "Ko Myat Yun Ara Kan" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံရပ်ကွက်နေ စံရွှေမောင်အား နံနက် ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်ဖော်ထုတ်အရေးယူ

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○ ကျောဖုံးမှ

ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည် နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြစ်မှုကျူးလွန်သူများနှင့် သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ။

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၆၂၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅ သိန်း ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၆၂၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် လိန်းလီကျေးရွာအနီးတွင် ပင်လောင်းမှ တပ်ကုန်းဘက်သို့ မင်းမင်း(ခ)မျိုးကျော်သူဝင်း မောင်းနှင်ပြီး မသီတာလင်းနှင့် နိုင်လင်းတို့လိုက်ပါလာသည့် HIACE မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၆၂၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ယင်းနေ့ နံနက် ၁၀ နာရီခွဲတွင် ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ ရှိုင်းမြတ်သူ(ခ)စိုင်းအွမ်နှင့် စိုင်းဝေမိုးအောင်(ခ)စိုင်းလုံ တို့အား AD VAN မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တရားမဝင် ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၉

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၇ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၂၀ လုံးအတွင်းမှ ပိုင်ရှင်က ထုတ်ယူလိုသော ဆန္ဒမရှိသည့် ကုန်ပစ္စည်းများဖြစ်သော Textile Materials အထည်အလိပ် ၂၀၅၇၈၅ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၆၄၄၆၆၅)၊ Textile Fabric Fiber ၁၅၅၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၁၁၁၄၇၅)၊ Trifamox (ပိုးသတ်ဆေး) ဆေးဝါး ဘူး ၉၈၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၇၂၈၇၈၂)၊ ဂုန်အိတ်နှင့်အိတ်မျိုးစုံ ကုန်ကြမ်းပစ္စည်း ၆၀၇၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၂၇၉၂၂)၊ ရော်ဘာစေးထုတ်လုပ်ရန် ကုန်ကြမ်းပစ္စည်း ၁၇၉၂၅ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၂၄၆၈၅)နှင့် ဓာတုကုန်ကြမ်းပစ္စည်း Polymers Of Ethylene ၄၅၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၇၆၈၆၀)ကို လည်းကောင်း။

နိုဝင်ဘာ ၁၈ ရက်တွင် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော InnoPlus Linear Low Density Polyethylene ၁၀၀၀ ကီလိုဂရမ်၊ CAMEL Motorcycle Tube အခု ၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၀၀၀၀၀)၊ Xuemel Monoso–dium Glutamate ၁၇၅၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Prawn Hornet ဟင်းသီးဟင်းရွက်ဆီ ၁၈ လီတာပါ ဘူး ၂၁၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၇၁၄၃၈၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၆၂၁၄၃၈၉) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ပွင့်ဖြူမြို့နယ်၌ မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းသဖြင့် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ နှစ်ပေခန့် ရေကျော်ကျ

ပွင့်ဖြူ နိုဝင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းခဲ့သဖြင့် ကြီးအုံကြီးဝတမံအတွင်း မိုးရေဝင်ရောက်မှု တိုးလာသည့်အတွက် နိုဝင်ဘာ ၁၉ ရက် နံနက် ၆ နာရီအချိန်တိုင်းထွာရာတွင် တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် တမံရေပိုလွှဲမှ နှစ်ပေခန့် ရေကျော်ကျလျက်ရှိကြောင်း အဆိုပါ ကြီးအုံကြီးဝတမံမှ တာဝန်ခံ လက်ထောက် အင်ဂျင်နီယာ ဦးစိုးတင့်ထံမှ သိရသည်။



အဆိုပါ တမံရေပိုလွှဲမှ ရေကျော်ကျမှုရှိသော်လည်း တမံအောက်ဘက်ရှိ ဒေသခံပြည်သူများအတွက် စိုးရိမ်စရာအခြေအနေမရှိကြောင်းနှင့် တမံရေပိုလွှဲနှင့် ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ ယင်းတမံရေပိုလွှဲမှ ရေကျော်ကျမှုနှင့် ပတ်သက်ပြီး တာဝန်ကျ ဝန်ထမ်းများက အလှည့်ကျရေကင်းများ စောင့်ကြပ်ကြည့်ရှုစစ်ဆေးပြီး တမံအောက်ဘက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများသိရှိနိုင်ရန် သဘာဝဘေးအန္တရာယ် ကင်းဝေးစေရေး စီမံချက်အရ နေ့စဉ်တမံအတွင်း မိုးရေဝင်ရောက်မှုနှင့် ရေပိုလွှဲမှ ရေကျော်ကျမှု အခြေအနေကို အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်ခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝတမံသည် မင်းဘူးခရိုင်အတွင်း ဆည်ရေအများဆုံး သိုလှောင်ထားနိုင်သည့် တမံတစ်ခုဖြစ်ကာဒေသခံပြည်သူများအတွက် စိုက်ပျိုးရေနှင့် သီးနှံအောင်ရေဖူလုံစွာ အကျိုးပြုပေးလျက်ရှိသည်။ ယခုရက်ပိုင်း မုန်တိုင်း၏ အရှိန်ကြောင့် မိုးရွာသွန်းခဲ့သဖြင့် တမံအတွင်း မိုးရေဝင်ရောက်မှု တိုးလာသည့်အတွက် ရေအား လျှပ်စစ်စက်ရုံအား ၂၄ နာရီ စက်လည်ပတ်၍ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကိုလည်း မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ကာ ပြည်သူလူထု လျှပ်စစ်မီး သုံးစွဲနိုင်ရန် အကျိုးပြုပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

တွံတေးမြို့နယ် မွေးမြူရေးအထူးဇုန်စီမံကိန်းလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက တွံတေးမြို့နယ် မွေးမြူရေးအထူးဇုန်သို့ သွားရောက်၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ကတ္တရာကွန်ကရစ်(AC) ထပ်ပိုးလွှာ ခင်းကျင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် တွံတေးမြို့နယ် တလုတ္တော်ကျေးရွာအနီး မွေးမြူရေးအထူးဇုန်သို့ သွားရောက်၍ မွေးမြူရေးဇုန်(၁)အတွင်း ငါးကန်များတူးဖော်ထားရှိမှု ဆိတ်မွေးမြူရေးခြံ၊ ကြက်မွေးမြူရေးခြံများ ဆောက်လုပ်ပြီးစီးနေမှု၊ နေဗီယာမြက်ခင်းစိုက်ပျိုးထားရှိမှု၊ မွေးမြူရေးဇုန်(၂) ရော်ဘာခြံအတွင်း ကြက်မွေးမြူရေးဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး(**အပေါ်ပုံ**) မြို့တော်ဝန်က ဇုန်(၁) အတွင်း လမ်းများဖောက်လုပ်ရာတွင် ရေဆင်းမြောင်းပါရှိစေရေး၊ ဇုန်အတွင်းရှိ ခြံဝင်းတိုင်းတွင် ရေစုကန်များ တူးဖော်ရေး၊ မွေးမြူရေးငါးကန်များတွင် ငါးသားပေါက်ကန်များထားရှိရေး၊ ဇုန်(၂)အတွင်းရှိ မြန်မာကြက်မွေးမြူမည့်နေရာတွင် ဒေသခံကြက်များပါ ထည့်သွင်းမွေးမြူရေးနှင့် စီမံကွပ်ကဲမှုလုပ်ငန်းများကို တာဝန်ရှိသူအဆင့်ဆင့်ဖြင့် ဆင့်ကဲတာဝန်ပေးအပ် ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မွေးမြူရေးအထူးဇုန်၊ ဇုန်(၁)အတွင်းတွင် ဆိတ် ၅၅၄ ကောင်၊ ဘဲ ၂၀၀၀ မွေးမြူထားရှိပြီး ကျန်ရှိသည့် မွေးမြူရေးလုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အချိန်မီပြီးစီးရေး

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ည ၈ နာရီတွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း (၈ မိုင် ခုံးကျော်တံတားမှ အုတ်ပုံဆိပ်အထိ)အရှည် ၄၄၇၅ ပေ၊ အကျယ် ၇၂ ပေ၊ ထု နှစ်လက်မ ကတ္တရာကွန်ကရစ်(AC) ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးမြင့်မောင်၊ ဓာတ်ပုံ-ကျော်သူထက်

၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် မြန်မာနှင့် မြောက်ကိုရီးယားအသင်း ရန်ကုန်မြို့၌ လေ့ကျင့်ပြင်ဆင်

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်မြို့၌ နိုဝင်ဘာ ၂၁ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ၂၀၂၆ ကမ္ဘာ့ဖလား ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုဒုတိယပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြောက်ကိုရီးယားအသင်းသည် ရန်ကုန်မြို့၌ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အသင်းမှာလည်း ဂျပန်အသင်းနှင့် အဝေးကွင်းကစားပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီးကတည်းက မြောက်ကိုရီးယားနှင့် ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဂျပန်အသင်းနှင့် အဝေးကွင်းပွဲတွင် မပါဝင်ခဲ့သည့် ကစားသမားအချို့ကိုလည်း အသင်းနှင့် ပြန်လည်ပူးပေါင်းစေလျက်ရှိပြီး မြောက်ကိုရီးယားနှင့်ပွဲအတွက် အပြီးသတ် လူစာရင်းကို နိုဝင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်မည်ဖြစ်သည်။

မြောက်ကိုရီးယား အသင်းသည် နိုဝင်ဘာ ၁၈ ရက် ညပိုင်းက ရောက်ရှိခဲ့ပြီး နိုဝင်ဘာ ၁၉ ရက်တွင် စတင်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယားအသင်းသည် ပွဲမကစားမီ သုံးရက်ကြိုတင်လာရောက်ပြီး မြန်မာအသင်းနှင့်ပွဲအတွက် ရန်ကုန်မြို့တွင် နှစ်ရက်ပြင်ဆင်ချိန် ရရှိမည်ဖြစ်သည်။ ယင်းပွဲအတွက် ကြိုတင်လက်မှတ်များကို နိုဝင်ဘာ ၂၀ ရက် (**ယနေ့**) စတင်ရောင်းချမည်ဖြစ်ပြီး အထူးတန်း ကျပ်ငါးထောင်၊ ရိုးရိုးတန်း ကျပ်နှစ်ထောင် သတ်မှတ်ထားသည်။

မြန်မာအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့၏ ကမ္ဘာ့ဖလားခြေစစ်ပွဲကို နိုဝင်ဘာ ၂၁ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

ပင်းတယမြို့၌ ဇုန်အလိုက်အမျိုးသား(ကွာတားအဆင့်) ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ပင်းတယ နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့တွင် နိုဝင်ဘာ ၁ ရက်မှစတင်၍ ၂၀၂၃ ခုနှစ် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဇုန်အလိုက်အမျိုးသားဘောလုံးပြိုင်ပွဲကို ကျင်းပပေးရာ ယနေ့မွန်းလွဲ ၂ နာရီတွင် ကွာတားအဆင့်ပြိုင်ပွဲကို ပင်းတယ (မြို့မဇုန်) ဘောလုံးအသင်းနှင့် ဂျုံးဇုန်ဘောလုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယမြို့နယ်မှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းနှင့် ရွာငံမြို့နယ်မှ ငါးသင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်းပေါင်း ၁၃ သင်းရှိပြီး ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ကိုဦး(ပြန်/ဆက်)

MFF Futsal Championship 2023 ပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ ဆက်လက်ကျင်းပ ရှုံးထွက်အဆင့်တက်ရောက်သည့်အသင်းများ ဆက်လက်ထွက်ပေါ်

ရန်ကုန် နိုဝင်ဘာ ၁၉

MFF Futsal Championship 2023 ပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ကို နိုဝင်ဘာ ၁၉ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ ရှုံးထွက်အဆင့် တက်ရောက်သည့် အသင်းများ ဆက်လက်ထွက်ပေါ်ခဲ့သည်။

အုပ်စုစတုတ္ထနေ့တွင် Generations အသင်းက ပြည့်စုံအသင်းကို ခုနစ်ဂိုး-ငါးဂိုး၊ လင်းလက်အသင်းက Seven အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ လက်ရှိချန်ပီယံ VUC အသင်းက M2K အသင်းကို လေးဂိုးပြတ်၊ Sun Far အသင်းက Noka အသင်းကို ရှစ်ဂိုး-ငါးဂိုး၊ Winner Soccer အသင်းက Black Cross အသင်းကို ရှစ်ဂိုး-နှစ်ဂိုး၊ Futsal-19 အသင်းက ရွှေပြည်သာအသင်းကို ကိုးဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နိုဝင်ဘာ ၁၉ ရက် အပြီးတွင် အုပ်စု (A,B,C) ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး အုပ်စု (A) တွင် လက်ရှိချန်ပီယံ VUC အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ M2K အသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(B)မှ Winner Soccer အသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုပထမ၊ မလိကြယ်စင်အသင်းက ရမှတ် လေးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(C)မှ Futsal-19 အသင်းက ရမှတ် လေးမှတ်ဖြင့် အုပ်စုပထမ၊ SGF အသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယဖြင့် တက်ရောက်သွားသည်။ အုပ်စု (H) တွင် လင်းလက်အသင်းနှင့် M-Million အသင်း၊ အုပ်စု(G)တွင် Generations အသင်းတို့ နောက်တစ်ဆင့် တက်ရောက်သွားသည်။

အုပ်စု နောက်ဆုံးနေ့အဖြစ် နိုဝင်ဘာ ၂၀ ရက် (**ယနေ့**) တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး Dream Team အသင်းနှင့် လက်ဝဲသုန္ဒရအသင်း၊ YRG အသင်းနှင့် TG United အသင်း၊ ဖူဆယ်ချစ်သူအသင်းနှင့် ရိုးမအသင်း၊ MIU အသင်းနှင့် DT Legends အသင်း၊ Generations အသင်းနှင့် Red Eagle အသင်း၊ လင်းလက်အသင်းနှင့် M-Million အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ညီမြတ်သော်တာ
ဓာတ်ပုံ-MFF

❏ *ကျောဖုံးမှ*

ရယူနိုင်ခဲ့သော ဖိုင်ရီအမ်မရီသည် အသက် ၁၇ နှစ်၊ ရှစ်လနှင့် ၁၁ ရက်ဖြင့် ၁၉၁၄ ခုနှစ်နောက်ပိုင်း ပြင်သစ်အသင်း၏ အသက်ငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အသင်းခေါင်းဆောင် အမ်ဘာပေသည်လည်း ကိုက် ၄၀ မှ သွင်းဂိုးအပါအဝင် ဟက်ထရစ်ရယူနိုင်ခဲ့သည်။ ပွဲချိန် ၁၈ မိနစ်တွင် ဂျီဘရော်လ်တာအသင်းမှ ဆန်းတို့စ် တိုက်ရိုက်အနီကတ် ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ ခြေစွမ်းသာလွန်မှုရှိသည့် ပြင်သစ်အသင်းသည် ဂိုးကန်သွင်းမှုအကြိမ်ရေ ၃၉ ကြိမ်အထိ ပြုလုပ်ခဲ့သော်လည်း ပြိုင်ဘက် ဂျီဘရော်လ်တာအသင်းက ဂိုးကန်သွင်းမှု ပြုလုပ်နိုင်ခြင်း မရှိခဲ့ပေ။

ယခုပွဲစဉ်အနိုင်ရရှိခဲ့သည့်အတွက် ပြင်သစ်အသင်းသည် ခုနစ်ပွဲကစားပြီး ခုနစ်ပွဲနိုင်ရလဒ်ရရှိထားကာ ပြိုင်ဘက် ဂျီဘရော်လ်တာအသင်းက ခုနစ်ပွဲကစား ခုနစ်ပွဲရှုံး ရလဒ်ရရှိထားသည်။ ယူရိုခြေစစ်ပွဲမှ အခြားသော ပွဲစဉ်ရလဒ်များတွင် နယ်သာလန်က အိုင်ယာလန်ကို တစ်ဂိုး-ဂိုးမရှိ၊ ရိုမေနီးယားက အစ္စရေးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆွစ်ဇာလန်နှင့် ကိုဆိုဗိုအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

အောင်ဇော်

နေပြည်တော် ဇေယျာသီရိမြို့နယ် အသေးစား မျှစ်ခြောက်ကုန်ထုတ်စက်ရုံမှ ထုတ်လုပ်သည့် မျှစ်ခြောက်များ ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် စက်ကုန်းကျေးရွာတွင် စိမ်းလဲ့မြေသမဝါယမအသင်းနှင့် နရိန္ဒြာကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော စီးပွားဖြစ် အသေးစားမျှစ်ခြောက်ကုန်ထုတ်စက်ရုံမှ ထုတ်လုပ်သည့် မျှစ်ခြောက်ထုတ်ကုန်ပစ္စည်းများကို ပြည်ပဝယ်လိုအားကြောင့် နှစ်စဉ်ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများသို့လည်း တင်ပို့ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

"အခု လက်ရှိ ထုတ်လုပ်လျက်ရှိတဲ့ မျှစ်ခြောက်ထုတ်ကုန်တွေကို စိမ်းလဲ့မြေသမဝါယမအသင်းနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်နေတာဖြစ်ပြီး ဒီထုတ်ကုန်တွေကိုတော့ ဂျပန်နိုင်ငံကို တင်ပို့ဆောင်ရွက်နေတာဖြစ်ပါတယ်။ နှစ်စဉ်တင်ပို့လာတာ ခြောက်နှစ်လောက်ရှိပြီဖြစ်ပါတယ်။ နောက်ပိုင်းဆိုရင်တော့ တရုတ်နဲ့ ကိုရီးယားနိုင်ငံတွေအထိ တင်ပို့သွားဖို့ရှိပါတယ်။ မျှစ်ခြောက်ထုတ်ကုန်တွေကို ဒီမှာ ထုပ်ပိုးပြင်ဆင်ပြီးတဲ့အထိ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ပြီး ဒီထုတ်ကုန်ပစ္စည်းတွေကိုအအေးခန်းနဲ့ သေချာထားပါတယ်။ ပြီးတော့ ရန်ကုန်ဆိပ်ကမ်းကိုပို့ပြီး ရန်ကုန်ဆိပ်ကမ်းကတစ်ဆင့် သင်္ဘောနဲ့ဂျပန်နိုင်ငံကို တင်ပို့တာဖြစ်ပါတယ်"ဟု အဆိုပါမျှစ်ခြောက်ကုန်ထုတ်စက်ရုံမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဒေါ်နန်းအေးအောင် က ရှင်းပြသည်။

စက်ရုံအတွက် လိုအပ်သည့်ကုန်ကြမ်းများကို နှစ်စဉ် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာလများတွင် အနီးဝန်းကျင်ကျေးရွာများနှင့် ရှမ်းရိုးမတောင်ပေါ်ဒေသကျေးရွာမှ မျှစ်ချိုးလာရောင်းသူများထံမှ ရရှိခြင်းဖြစ်ပြီး လာရောင်းသည့် ဝါးပိုးမျှစ်များကို ပြန်လည်ကောက်ခံကာ ပုတ်များဖြင့် တစ်လအကြာ သိုလှောင်သိပ်ထားခြင်းဖြစ်ကြောင်း၊ ယခုလို နှစ်စဉ် နိုဝင်ဘာလများတွင် နေထုတ်လှန်း၍ လုပ်ငန်းစတင်ရကြောင်း၊ နေလှန်းပြီးထွက်ရှိလာသည့် မျှစ်ခြောက်ကို ကုန်ချောထုတ်လုပ်ရန်အတွက် ဆိုဒ်အရွယ်အစား ငါးမျိုးခွဲခြား၍ စက်များဖြင့် အဆင့်ဆင့်ပြုလုပ်ကာ ပါကင်ထုပ်ပိုးပြီး အအေးခန်းအတွင်း သိုလှောင်ထားရကြောင်း ဒေါ်နန်းအေးအောင်က မျှစ်ခြောက်ထုတ်ကုန် ပြုလုပ်မှုများကို ဆက်လက်ရှင်းပြသည်။

မျှစ်ခြောက်များကို နေလှန်းနေမှုနှင့် ကုန်ချောထုတ်လုပ်ရန်အတွက် အရွယ်အစားရွေးချယ်မှုကို တွေ့ရစဉ်။

အဆိုပါမျှစ်ခြောက်ကုန်ထုတ်စက်ရုံရှိသည့်အတွက် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ၎င်းတို့ မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့်အတွက် လူမှုစီးပွားဘဝများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဒီစက်ရုံမှာ အလုပ်လုပ်တာ တစ်နှစ်ကျော်ရှိပါပြီ။ ဘာပဲဖြစ်ဖြစ် ဒီဒေသမှာ အခုလို အသေးစားကုန်ထုတ် စက်ရုံတစ်ရုံရှိတာ ကျွန်မတို့လိုလက်လုပ်လက်စားသမားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတစ်ခုရတာဆိုတော့ ဝမ်းသာစရာပေါ့။ ဒီမှာ အလုပ်လုပ်ပြီး မိသားစုစားဝတ်နေရေးကိုလည်း တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုလို့ အဆင်ပြေပါတယ်" ဟု စက်ကုန်းကျေးရွာမှာ လာရောက်အလုပ်လုပ်ကိုင်သူ အမျိုးသမီးတစ်ဦးက ပြောပြသည်။

ယင်းမျှစ်ခြောက်ကုန်ထုတ်စက်ရုံတွင် အနီးဝန်းကျင်ကျေးရွာများမှ လာရောက်အလုပ်လုပ်ကိုင်သူပေါင်း ၄၀ ဝန်းကျင်ရှိပြီး အနည်းဆုံးလုပ်အားခ တစ်ရက်လျှင် ငွေကျပ် ၇၀၀၀ မှ ၁၀၀၀၀ ကျော်အထိ ရရှိကြပြီး လုပ်သက်အလိုက် လုပ်ခလစာတိုးမြှင့်ပေးကြောင်း သိရသည်။

မျှစ်ခြောက်ကုန်ထုတ်စက်ရုံလုပ်ငန်းခွင်။

အဆိုပါမျှစ်ခြောက်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ကုန်ကြမ်းပစ္စည်းများကို ရှမ်းရိုးမဒေသမှ သဘာဝအလျောက် ပေါက်ရောက်သောဝါးပိုးဝါးများမှ ဓာတုဆေးဝါးများမပါရှိဘဲ ထုတ်လုပ်ခြင်းဖြစ်ပြီး ကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေးအတွက်လည်း နေပြည်တော် ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့တွင် ဝါးစိုက်ခင်းထူထောင်ခြင်းများ ဆောင်ရွက်ထားသည့်အပြင် ကုန်ကြမ်းများထုတ်လုပ်ရာတွင် သဘာဝအရင်းအမြစ်များ မပြုန်းတီးစေရေးအတွက် ဒေသအတွင်းရှိ ဝါးစိုက်တောင်သူများကိုလည်း ဝါးထိန်းသိမ်းရေးသင်တန်းများ ပို့ချပေးလျက်ရှိကြောင်း သိရသည်။

သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့်လည်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ စက်ရုံဝန်ထမ်းများအား လိုအပ်ပါက ဒေသနှင့် ကိုက်ညီသည့်သင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ -မောင်မွေး

မြန်မာအလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၁၁ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၁၄၅ ကျပ်	၂၁၉၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၂၄၅ ကျပ်	၂၂၉၅ ကျပ်
အောက်တိန်း ၉၂	၂၁၃၀ ကျပ်	၂၁၈၀ ကျပ်
အောက်တိန်း ၉၅	၂၂၅၀ ကျပ်	၂၃၀၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ယာယီတိုက်ပွဲရှောင်ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်

ကွန်ဟိန်း နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ်တွင် ယနေ့ညနေ ၆ နာရီခန့်က ထပ်မံရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား စစ်ဗျူဟာအခြေချ(ကွန်ဟိန်း)မှ စားသောက်ဖွယ်ရာများ ပေးအပ်ကြောင်း သိရသည်။

အဆိုပါ ယာယီတိုက်ပွဲရှောင်ပြည်သူ ၃၇၄ ဦးအား စားသောက်ဖွယ်ရာများပေးအပ်ရာတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အောင်ကိုနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ထမင်းဘူးနှင့် ရေသန့်တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၆၀၀	၈၈၀၀	၃၂၆	၂၇၉၅၁၀၀
MTSH	၂၈၅၀	၂၉၀၀	၂၅၄၅	၂၃၈၀၄၅၀
MCB	၇၆၀၀	၇၆၀၀	၂၆	၁၉၇၆၀၀
FPB	၁၅၅၀	၁၆၀၀	၆၅	၁၀၃၅၀၀
TMH	၂၄၀၀	၂၄၀၀	၁၅၂	၃၆၄၈၀၀
EFR	၂၀၀၀	၂၀၀၀	၂၇၁	၃၄၂၀၀၀
AHPC	၄၉၀၀	၄၉၀၀	၈	၃၉၂၀၀
MAEPC	၁၇၀၀	၁၇၀၀	၁၅၃၉	၂၆၁၆၃၀၀

ညီညီ - စုစည်းသည်

ပျဉ်းမနားမြို့နယ်မှ တစ်နိုင်တစ်ပိုင် စီးပွားဖြစ်ဆောင်ရွက်နေသည့် ကြက်သွန်ကြော်လုပ်ငန်း

နန်းမေစုအောင်၊ ဓာတ်ပုံ – ဇော်မင်းလွင်(ပြန်/ဆက်)

နိုင်ငံတော်အစိုးရအနေဖြင့် One Region One Product အစီအစဉ်ဖြင့် ဒေသအလိုက် အဓိကကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိသည်။ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပျဉ်းမနားမြို့နယ်တွင် မှတ်ပုံတင်ထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) လုပ်ငန်းအရေအတွက်မှာ ၁၇၈ ခုရှိပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာရှိ ငွေဟသ်ာနှင့် အင်ကြင်းစံကြက်သွန်ကြော် လုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

ငွေဟသ်ာနှင့် အင်ကြင်းစံ ကြက်သွန်ကြော် လုပ်ငန်းကို ၂၀၀၉ ခုနှစ် စက်တင်ဘာ ၁၉ ရက်က စတင်ခဲ့ပြီး သက်တမ်း ၁၅ နှစ်ခန့်ရှိပြီဖြစ်ကာ ကျေးရွာဒေသခံ အိမ်ထောင်စုများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်များ အိုးမကွာ၊ အိမ်မကွာ စီးပွားရေး လုပ်ကိုင်နိုင်ရန် ရည်ရွယ်ပြီး ကြက်သွန်ကြော်လုပ်ငန်းကို လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

ကြက်သွန်ကြော်ရန်အတွက် ကုန်ကြမ်းကို မိတ္ထီလာ၊ မြင်းခြံနှင့် အခြားမြို့များမှ ထွက်ရှိသည့် ကြက်သွန်များကို ဝယ်ယူအသုံးပြုလျက်ရှိကြောင်း သိရသည်။ ပစ္စည်းပို့ရာတွင် ကြေတတ်သည့်အတွက် ကတ်ထူစက္ကူပုံးဖြင့် စနစ်တကျထုပ်ပိုးကာ ပေးပို့လျက်ရှိပြီး ကတ်ထူပုံးတစ်ပုံးလျှင် ကြက်သွန်ကြော် ၁၀ ပိဿာပါရှိသည်။ အမှာစာအရ ပုံး ၂၀ အောက်ကို မော်တော်ယာဉ်လိုင်းဖြင့် တင်ပို့ပြီး ပုံး ၅၀၊ ၆၀ ဆိုပါက အိမ်အရောက်ပေးပို့ဖြန့်ချိလျက်ရှိသည်။

"အိမ်ရှင်မတွေက အလုပ်သွား၊ ရုံးသွား၊ ကျောင်းသွားဖို့ အချိန်မီအောင် ချက်ပြုတ်ကြရတာကြောင့် ဟင်းအနှစ်ချက်ရင်ဖြစ်ဖြစ်၊ အသုပ်သုပ်ရင်ဖြစ်ဖြစ်၊ ကြက်သွန်အစိမ်းကို အသုံးပြုတာထက် ကြက်သွန်ကြော်ကို အသုံးပြုရင် အချိန်ကုန်သက်သာစေပြီး အနံ့အရသာလည်းကောင်းတဲ့အတွက် ကြက်သွန်ကြော်ကို သုံးကြတယ်။ မြန်မာဟင်းလျာတော်တော်များများမှာ ကြက်သွန်မပါတာ မရှိ

သလောက်ပါ။ ဒံပေါက်သမားတွေအတွက်တော့ မရှိမဖြစ်ပေါ့ဗျာ"ဟု ကြက်သွန်ကြော်အသုံးဝင်ပုံကို လုပ်ငန်းရှင်က ရှင်းပြသည်။

ငွေဟသ်ာနှင့် အင်ကြင်းစံ ကြက်သွန်ကြော် လုပ်ငန်းမှ ကြက်သွန်ကြော်ကို နေပြည်တော်နှင့် အခြားမြို့နယ်များသို့ တင်ပို့ရောင်းချလျက်ရှိရာ နေပြည်တော်အတွင်း ပွဲကြီးအလှူများနှင့် ဒံပေါက်ဆိုင်များမှ အိမ်တိုင်ရာရောက် လာရောက်ဝယ်ယူကြပြီး မိတ္ထီလာ၊ ပြင်ဦးလွင်၊ မန္တလေး၊ လှည်းကူး၊ ပဲခူး၊ ရန်ကုန်နှင့် မော်လမြိုင်ဘက်ကို အများဆုံးတင်ပို့ရကြောင်း သိရသည်။

"လက်ရှိမှာတော့ လုပ်သား ၃၀ ကျော်၊ ၄၀ နီးပါး ရှိပါတယ်။ လုပ်သားအနည်းအများကတော့ အချိန်ကာလနဲ့လည်းဆိုင်ပါတယ်။ အခုလို သီတင်းကျွတ်၊ တန်ဆောင်မုန်းကာလတွေမှာဆိုရင် လုပ်သားလိုပါတယ်။ လုပ်ခလစာ သတ်မှတ်ချက်ကိုတော့ တစ်လတစ်ခါဆိုပြီး တစ်သမတ်တည်းပေးတာ မဟုတ်ပါဘူး။ နေ့စားပုတ်ပြတ်ပေးတာဖြစ်ပါတယ်။ ကြက်သွန်တစ်အိတ်ကို ပိဿာချိန် ၄၀ ရှိတော့ တစ်အိတ် အခွံသင်တာရော ခြစ်တာပါ ပြီးရင် ငွေကျပ် ၈၀၀၀ ရပါတယ်။ တစ်ပိဿာ ၂၀၀ နှုန်းပေါ့။ လုပ်နိုင်တဲ့အပေါ်မှာမူတည်ပြီး လုပ်ခရတာဖြစ်ပါတယ်။ အနည်းဆုံးလုပ်နိုင်တဲ့သူက တစ်ရက်ကို ငွေကျပ် ၁၀၀၀၀ လောက်တော့ရကြပါတယ်။ ဒီထက်ပိုလုပ်နိုင်ရင် ပိုရပါတယ်" ဟု လုပ်ငန်းရှင်က ပြောသည်။

❝ ငွေဟသ်ာနှင့် အင်ကြင်းစံ ကြက်သွန်ကြော်လုပ်ငန်းမှ ကြက်သွန်ကြော်ကို နေပြည်တော်နှင့် အခြားမြို့နယ်များသို့ တင်ပို့ရောင်းချလျက်ရှိရာ နေပြည်တော်အတွင်း ပွဲကြီးအလှူများနှင့် ဒံပေါက်ဆိုင်များမှ အိမ်တိုင်ရာရောက် လာရောက်ဝယ်ယူကြပြီး မိတ္ထီလာ၊ပြင်ဦးလွင်၊ မန္တလေး၊ လှည်းကူး၊ ပဲခူး၊ ရန်ကုန်နှင့် မော်လမြိုင်ဘက်ကို အများဆုံး တင်ပို့ရကြောင်း သိရသည်❞

❖ လက်ရှိတွင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေထုတ်ချေးပေးသည့်အပြင် စားသုံးသူရေးရာဦးစီးဌာနမှ ရောင်းချပေးသည့် ဆီကိုလည်း အပြင်ဈေးထက် သက်သာစွာ ဝယ်ယူနိုင်သည့်အတွက် ကြက်သွန်ကြော်ကို ဈေးတက်မရောင်းဘဲ အရင်ဈေးအတိုင်း ရောင်းချပေးလျက်ရှိသည်

ကြက်သွန်ကြော်ရန်အတွက် စပါးခွံလောင်စာကို အဓိက အသုံးပြုလျက်ရှိပြီး ပြန်လည်ထွက်ရှိလာသည့် ဖွဲပြာများကို ဖောကားကြီးတစ်စီးလျှင် ငွေကျပ် ၅၀၀၀၀၊ နှစ်တင်းခွဲအိတ် တစ်အိတ်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် ပြန်လည်ရောင်းချရပြီး ဖွဲပြာကို စိုက်ပျိုးရေးလုပ်ကိုင်သူများက အဓိက ဝယ်ယူအသုံးပြုကြကြောင်း သိရသည်။

လက်ရှိတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေထုတ်ချေးပေးသည့်အပြင် စားသုံးသူရေးရာဦးစီးဌာနမှ ရောင်းချပေးသည့် ဆီကိုလည်း အပြင်ဈေးထက် သက်သာစွာ ဝယ်ယူနိုင်သည့်အတွက် ကြက်သွန်ကြော်ကို ဈေးတက်မရောင်းဘဲ အရင်ဈေးအတိုင်း ရောင်းချပေးလျက်ရှိသည်။

သို့ဖြစ်ရာ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းဖြစ်သည့် ကြက်သွန်ကြော်လုပ်ငန်းကို ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) အဖြစ် ဒေသတွင်းထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် MSME ထုတ်ကုန်လုပ်မှုလုပ်ငန်းအား တင်ပြအပ်ပါသည်။ ။

ကချင်ပြည်နယ်ဝန်ကြီးချုပ် စာပေဗဟုသုတဆိုင်ရာ အသိပညာပေး စာပေဟောပြောပွဲတက်ရောက်

မြစ်ကြီးနား နိုဝင်ဘာ ၁၉

စာပေလေ့လာဖတ်ရှုခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် လူငယ်လူရွယ်များ အတွေးအခေါ်၊ အသိပညာနှင့် စိတ်ဓာတ်ရေးရာ တိုးတက်မြင့်မားစေရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ပြုလုပ်သည့် စာရေးဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ)၏ စာပေဗဟုသုတဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက်က မြစ်ကြီးနားမြို့ မိုးလုံလေလုံအားကစားခန်းမ၌ နှစ်ရက်တာ ကျင်းပရာ အဆိုပါ စာပေဟောပြောပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးသည်။

နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာမည်

စာပေဟောပြောပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့ ပညာခေတ်ဖြစ်သည်နှင့်အညီ စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးနှင့် စာပေဟောပြောပွဲများမှ ရရှိသည့် အသိပညာများကို လက်တွေ့အသုံးချခြင်းဖြင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေလာစေမည်ဖြစ်သည့်အပြင် အနာဂတ်တွင် နိုင်ငံ့တာဝန်ကို ဆက်လက်တာဝန်ယူကြမည့် လူငယ်လူရွယ်များနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အသိပညာဗဟုသုတနှင့် ပြည့်စုံ၍ ခံယူချက်နှင့် စိတ်ဓာတ်ကောင်းမွန်လာစေရန် ယခုလို စီစဉ်ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက စာရေးဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ)၏ ဒုတိယမြန်မာနိုင်ငံတည်ထောင်ခြင်း ခေါင်းစဉ်ဖြင့် စာပေဟောပြောသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး ညှိနှိုင်းရေးခန်းမ ဆောင်၌ SPIC ကုမ္ပဏီမှ ငွေကျပ် ၅၇၂၇၀၀၀ တန်ဖိုးရှိ Laptop ကွန်ပျူတာသုံးလုံးနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းမှုကို ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ မြို့နယ်အသီးသီး၌ ကျင်းပ

ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ စာပေဗဟုသုတများတိုးပွားပြီး ပြင်ပဗဟုသုတများ စုံလင်စွာရရှိစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့်သတ္တိများရှိလာစေရန်အတွက် လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာများပူးပေါင်းပြီး မြို့နယ်အသီးသီး၌ ကျင်းပပေးလျက်ရှိသည်။

ဘိုကလေး

လူငယ်များ ဘက်စုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူငယ်အချင်းချင်း အသိပညာ၊ ဗဟုသုတနီးနှော ဖလှယ်နိုင်စေရေးတို့အတွက် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ နိုဝင်ဘာ ၁၈ ရက်က လူငယ်စကားဝိုင်း ကျင်းပသည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က လူငယ်များအနေဖြင့် စာများများဖတ်ရန် လိုအပ်ကြောင်း၊ အနာဂတ်၏ခေါင်းဆောင်များဖြစ်လာမည့်လူငယ်များအနေဖြင့် စာပေအသိပညာဖွံ့ဖြိုးတိုးတက်ပြည့်ဝနေပါမှ နိုင်ငံကို အကောင်းဆုံး ဦးဆောင်နိုင်မည့်သူများဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူလေးဦးက "လူငယ်နှင့်စာပေ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်အားကစား" စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားခဲ့ပြီးနောက် စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိလိုသည်များ မေးမြန်းရာ သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

ဇလွန်

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့တို့ ပူးပေါင်း၍ စာရေးဆရာ ဒေါက်တာခင်မောင်ညို၏ "လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း" စာအုပ်ဖြင့် စာဖတ်ဝိုင်းကို နိုဝင်ဘာ ၁၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်သိန်းက စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်များ ရရှိလာစေရန်၊ အစုအဖွဲ့များတွင် ပါဝင်ဆွေးနွေးနိုင်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာအုပ်စာပေဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတများ တိုးပွားစေရေးရည်ရွယ်၍ စာဖတ်ဝိုင်းများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မောင်ပြေငြိမ်း (ဇလွန်)က လူငယ်နှင့်အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်းစာအုပ်မှ မျိုးဆက်သစ်လူငယ်လူရွယ်များ အတွေးအမြင်အယူအဆများ မှန်ကန်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားရန်၊ လူငယ်လူရွယ်များ အနာဂတ်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည့်အကြောင်းအရာများကို ဆွေးနွေးသည်။

ဝေယံ(ပြန် /ဆက်)

အုတ်တွင်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club) တို့ ပူးပေါင်း၍ စာရေးဆရာမခင်စောတင့် ရေးသားသည့် "စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများ" စာအုပ်ဖြင့် ပြုလုပ်သော စာဖတ်ဝိုင်းကို နိုဝင်ဘာ ၁၈ ရက်က အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ ဦးခင်မောင်ချိုက "စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများ" စာအုပ်တွင်ပါဝင်သည့် စကားပြောဖို့ ခလုတ်နှိပ်ပါ၊ မျှော်လင့်ချက်၊ လူတန်းစားအလွှာ မခြားနားစေရာ၊ အချိန်အခါကိုသိပါ၊ စွန့်စားမှုဆီသို့ ခြေတစ်လှမ်း စသည့် အကြောင်းအရာများကို ဦးဆောင်ဆွေးနွေးသည်။ ဆက်လက်၍ (Book Club) အသင်းအဖွဲ့နှင့် ကျောင်းသား ကျောင်းသူများက ခေါင်းစဉ်တစ်ခုချင်းစီအလိုက် အပြန်အလှန်ဆွေးနွေးကြပြီးနောက် ဆွေးနွေးချက်များအားလုံးအပေါ် ဦးဆောင်သူ ဆရာ ဦးခင်မောင်ချိုက ဆွေးနွေးပေးသည်။

အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူလူငယ်များ စာပေအသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းများကို ၂၀၁၈ ခုနှစ်မှ စတင်ကာ လစဉ်ပုံမှန် ပညာပေးဆွေးနွေးလျက်ရှိကြောင်း သိရသည်။

အေမင်းရည်စော(ပြန်/ဆက်)

ပုသိမ်မြို့အထက(၂) ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပ

ပုသိမ် နိုဝင်ဘာ ၁၉

ပုသိမ်မြို့ အထက(၂) (ယခင်နေရှင်နယ်) ကျောင်း၌ ၁၉၇၈ ခုနှစ်မှ ၁၉၈၅ ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ တန်ဆောင်တိုင်အကြိုမြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၁၈ ရက်က ပုသိမ်မြို့ ကိုးဆူဂိတ်အနီး ဥယျာဉ်ကုန်း အောင်ဇမ္ဗူမမ္ဗရိပ်သာ၌ ကျင်းပသည်။

ဦးစွာ မြတ်ဆရာကန်တော့ပွဲအထိမ်းအမှတ်အဖြစ် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး ကွယ်လွန်သွားကြသော ဆရာကြီး ဆရာမကြီးများအားရည်စူး၍ အမျှအတန်းပေးဝေကြသည်။ ဆက်လက်၍ ၁၉၇၈– ၁၉၈၅ ကျောင်းသားဟောင်း ဦးဝင်းသူ၊ ဦးခင်ဇော်တို့ဦးဆောင်သည့် ကျောင်းသား ကျောင်းသူဟောင်း ၆၀ ကျော်တို့က ကန်တော့ခံဆရာကြီး ဦးစိုးတင့် (၈၀နှစ်)၊ ဆရာမကြီးဒေါ်စန်းရီ (၉၂နှစ်)နှင့် အသက် ၈၀ အထက် ဆရာမကြီး ၂၀ တို့အား ငွေကျပ် နှစ်သိန်းငါးသောင်းစီနှင့် ကန်တော့ပစ္စည်းများ ပူဇော်ကန်တော့ကြသည်။

ပုသိမ်လှကြည်

ဗဟန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အခြေခံဂျာမန်ဘာသာသင်တန်းအခမ်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသား ကျောင်းသူများ ပေါ်ပေါက်လာစေရန်နှင့် ဂျာမန်စာပညာရပ်ကို တတ်ကျွမ်းနားလည်စေရန်ရည်ရွယ်၍ အခြေခံဂျာမန်ဘာသာသင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ နိုဝင်ဘာ ၁၈ ရက်က ပြုလုပ်သည်။

ဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမိုးက ဂျာမန်စာပညာရပ်များကို တတ်မြောက်စေရန် ယခုသင်တန်း ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ လူထုအခြေပြုဗဟိုဌာန၌ ဆောင်ရွက်လျက်ရှိသော အသိပညာပေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၈ ရက် မှ ဒီဇင်ဘာ ၃၁ ရက်အထိ တစ်ပတ်လျှင် နှစ်ရက်ဖြင့် သင်ကြားပို့ချမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂ ဦး တက်ရောက်ကြကြောင်း သိရသည်။ **မိုးမိုး**

မင်းဘူး(စကု)မြို့နယ်၌ နိုင်ငံ့စီးပွားရန်ပုံငွေဖြင့် စပါးရိတ်သိမ်းခြွေလှေ့စက် ပေးအပ်

မင်းဘူး နိုဝင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဝယ်ယူသော စပါးရိတ်သိမ်းခြွေလှေ့စက်အား တောင်သူလက်ဝယ်သို့ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၇ ရက်က စက်မှုလယ်ယာဦးစီးဌာန မင်းဘူးမြို့ အမှတ်(၈) စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

ထိုသို့ပေးအပ်ရာတွင် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မွန်က ဒေသတွင်း စက်မှုလယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းသုံး အထောက်အကူပြု လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းက စာချုပ်စာတမ်းအထောက်အထားများနှင့် စပါးရိတ်သိမ်းခြွေလှေ့စက်ကို ပင်လယ်သက်ကျေးရွာမှ တောင်သူ ဦးသိန်းထွန်းဦးထံ လွှဲပြောင်းပေးအပ်သည်။

မင်းဘူး(စကု)မြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းသုံး အထောက်အကူပြု လယ်ယာသုံးစက်ကိရိယာ ကူဘိုတာ စပါးရိတ်သိမ်းခြွေလှေ့စက်ကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေဖြင့် တန်ဖိုးငွေကျပ် ၈၅ ဒသမ ၃၇၅ သန်းကို လက်ငင်းစနစ်ဖြင့် ဝယ်ယူခဲ့ကြောင်း၊ အဆိုပါ ရိတ်သိမ်းခြွေလှေ့စက်ကို ပင်လယ်သက်ကျေးရွာမှ တောင်သူ ဦးသိန်းထွန်းဦးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေကျပ် ၅၆ သန်းဖြင့် ပေါင်းစပ်၍ ဝယ်ယူပေးခဲ့ပြီး ၎င်းချေးငွေကို (ကျပ် ၁၀၀ လျှင် ပြား ၇၀ နှုန်း) သက်သာသော အတိုးနှုန်းထားဖြင့် ခြောက်လတစ်ကြိမ် သတ်မှတ်ထားသည့် အတိုးနှင့်အရင်းကို အရစ်ကျ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကာ ချေးငွေကာလကို သုံးနှစ်သတ်မှတ်ပေးထားကြောင်း ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းထွဋ်က ပြောသည်။

မောင်မောင်(မင်းဘူး)

မိတ္ထီလာမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

မိတ္ထီလာ နိုဝင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ တိရစ္ဆာန်ကောင်ရေ တိုးပွားမှုဆိုင်ရာ တွက်ချက်မှု စံနှုန်းများအား သုံးသပ်ပြင်ဆင်နိုင်ရန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှု စာရင်းဇယားများ အတည်ပြုနိုင်ရန် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံ၏ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှု စာရင်းဇယားများ အတည်ပြုထုတ်ပြန်နိုင်ရန်နှင့် တိရစ္ဆာန်ကောင်ရေ တိုးပွားမှုဆိုင်ရာ တွက်ချက်မှု စံနှုန်းများအား သုံးသပ်ပြင်ဆင်နိုင်ရန်ရည်ရွယ်၍ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး ပိုင်းဝန်းကူညီဆောင်ရွက်ပေးဆောင်ပုဒ်နှင့်အညီ မိတ္ထီလာမြို့နယ်တွင် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းကို မြို့နယ်အတွင်းရှိ ၂၀ ရာခိုင်နှုန်းသော ရပ်ကွက်၊ ကျေးရွာများမှ အိမ်ထောင်စုများအား တိရစ္ဆာန်ကောင်ရေစာရင်းကို နိုဝင်ဘာ ၁ ရက် မှ ဒီဇင်ဘာ ၃၁ ရက်အထိ ကောက်ယူလျက်ရှိသည်။

ယင်းသို့ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရာတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်နှစ်ခု၊ ကျေးရွာ အုပ်စု ၄၅ အုပ်စု၊ ကျေးရွာ ၇၈ ရွာမှ အိမ်ထောင်စု ၁၂၀၄၀ အား အဖွဲ့ခုနစ်ဖွဲ့ဖြင့် ကောက်ယူလျက်ရှိရာ ယနေ့အထိ ကျေးရွာ ၇၇ ရွာ၊ အိမ်ထောင်စု ၇၂၉၉ စုကို ကောက်ယူပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးနိုင်ထံမှ သိရသည်။

သိန်းမြင့်ကျော်
(မိတ္ထီလာ)

သုံးခွမြို့နယ်၌ ဆရာ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်

သုံးခွ နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ဆရာ ဆရာမများ အင်္ဂလိပ်စာအရည်အသွေး မြှင့်တင်ရေးဆွေးနွေးပွဲ (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ကို နိုဝင်ဘာ ၁၈ ရက်က အထက ၁ ကျောင်းခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဌေးနိုင်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာမ ဒေါ်အေးသန့်သန့်စိုးဝင်းက သင်တန်းပို့ချရာ တက်ရောက်လာသည့် သင်တန်းသူ ဆရာ ဆရာမများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့၍ အဆိုပါ သင်တန်းကို နိုဝင်ဘာ ၁၈ ရက် မှ ၁၉ ရက်အထိသင်ကြားပို့ချမည်ဖြစ်ကာ ထက်၊ လယ်၊ မူတန်း ဆရာ ဆရာမ ၁၅၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **စည်သူလင်း (ပြန်/ဆက်)**

တာချီလိတ်မြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်အသိပညာပေး

တာချီလိတ် နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နိုဝင်ဘာ ၁၇ ရက်က မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ဆောင်ရွက်သည်။

အဆိုပါ အစီအစဉ်တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခိုင်ခိုင်လင်းက Online အသိပညာပေး Talk Show အစီအစဉ်အား ပြည်သူများ အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးဝင်းသူက မီးခိုးမြူငွေ့ဖြစ်ပေါ်ရသည့် ဖြစ်စဉ်များနှင့် အဓိကအကြောင်းအရင်းများ၊ မီးခိုးမြူငွေ့များ ထူထပ်စွာဖြစ်ပေါ်မှု ကာလကြာရှည်လာပါက နောက်ဆက်တွဲခံစားရနိုင်သည့် အကျိုးဆက်များ၊ ကောင်းကင်ယံတွင် မီးခိုးမြူငွေ့များ ဖုံးလွှမ်းနေမှုအခြေအနေနှင့် ကြုံတွေ့ပါက ဆောင်ရွက်ရမည့်အခြေအနေများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာနည်းလမ်းများ စသည်တို့အား အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ကျော်ဇေယျာလင်း (ပြန်/ဆက်)

ကြံခင်းမြို့၌ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် အသိပညာပေးဟောပြောပွဲနှင့် ပန်းချီပြိုင်ပွဲကျင်းပ

ကြံခင်း နိုဝင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း၏ ကူညီပံ့ပိုးမှုဖြင့် နိုဝင်ဘာ ၁၈ ရက်က ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲထိန်းချုပ်နိုင်ရေး အသိပညာပေးဟောပြောပွဲနှင့် ပန်းချီပြိုင်ပွဲကို ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က တို့ပတ်ဝန်းကျင်မထိခိုက်ရေး ဆေးလိပ်၊ ဆေးရွက်ကြီး ရှောင်ရှားပေးသိကောင်းစရာများနှင့် ဒုတိယမြို့နယ်ဦးစီးမှူးဒေါ်မေသဥ္ဇာနှင်းက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကြောင့် ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးအန္တရာယ်များအားလည်းကောင်း၊ Book Clubအဖွဲ့ဝင် ဦးခင်လွင်က ဆေးလိပ်ဖြတ်ခြင်းဖြင့်ရရှိနိုင်မည့် အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ အခြေခံပညာမူလတန်းသမ္ဘာရာအင်းကျောင်းမှ တာဝန်ခံဆရာကြီးဦးသိန်းဌေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၃၀ တက်ရောက်ကြောင်း၊ အသိပညာပေးနံရံကပ်စာစောင်များ ပြသထားခြင်းကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ညောင်ဦးမြို့နယ်၌ ထန်းတောင်သူလုပ်ငန်းများ ပြန်လည်လုပ်ကိုင်သူ ပိုမိုများပြားလာ

ညောင်ဦး နိုဝင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ထန်းတောင်သူများ ထန်းလျက် တစ်ပိဿာ ငွေကျပ် ၅၀၀၀ ဈေးနှုန်းဖြင့် ရောင်းချနေရ၍ ထန်းတောင်သူလုပ်ငန်း ပြန်လည်လုပ်ကိုင်မှု မနှစ်ကထက် ပိုများခဲ့ကြောင်း နတ်ပလင်ကျေးရွာ ထန်းတောင်သူ ဦးဝင်းညွှန့်ထံမှ သိရသည်။

ထန်းတောင်သူလုပ်ငန်း လုပ်ကိုင်ရာတွင် ထန်းရာသီမစတင်မီ အချိန်ကပင် ထန်းဆွဲမြူအိုး၊ ထန်းဆွဲမြူအိုးကြိုး၊ ယင်းထောင်၊ ယင်းဆွဲ၊ ထန်းလှီးအိမ်၊ ထန်းလှီးဓား၊ ထန်းလျက်ချက်ရန် မိုးပြဒယ်၊ ထန်းလျက်ဖို၊ ထန်းလျက်ချက်ဖိုပြုလုပ်ရန် မြေနီမြေစေး၊ ထန်းလျက်ချက် လောင်စာဖြစ်သည့် ထန်းဖက်၊ ထန်းလျက်နှင့် ပဲစင်းငုံရိုးများအား ကြိုတင်စုဆောင်းထားကြရကြောင်း ထန်းလျက်စတင်ပေါ်ချိန်က တစ်ပိဿာ ငွေကျပ် ၄၀၀၀ အထိ ရောင်းချခဲ့ရပြီး ထန်းလျက်လှိုင်လှိုင်ပေါ်ချိန် ထန်းလျက်တစ်ပိဿာ ငွေကျပ် ၃၀၀၀ ရောင်းချရကြောင်း၊ ထန်းလျက်တစ်ပိဿာ ငွေကျပ် ၃၀၀၀ သည် ထန်းတောင်သူများမျှော်လင့်နေသည့် ဈေးနှုန်းဖြစ်ကာ ညောင်ဦးမြို့နယ်၌ ထန်းတောင်သူများ နိုဝင်ဘာလမှစတင်ပြီး ထန်းလျက် တစ်ပိဿာ ငွေကျပ် ၅၀၀၀ ရောင်းချနေရကြောင်း သိရသည်။

ဒီပါလင်း

နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက၊ ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် နိုဝင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်မဟာနာယက၊ စည်ရှင်ကျောင်းဆရာတော်၊ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက၊ ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ သက်တော် (၈၅) နှစ်၊ သိက္ခာ (၆၆) ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်၊ (တနင်္ဂနွေနေ့)၊ နံနက် ၉ နာရီ ၃၃ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့ငွေများ (ဒုတိယ)အကြိမ် ထောက်ပံ့ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၉

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ကြားလျက် ရှိသည့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခိုလမ်တပ်နယ်ရှိ ကျောင်းသား ကျောင်းသူများအား (ဒုတိယ) အကြိမ် ကျောင်းဝတ်စုံများ၊ ကျောင်းသုံး စာရေးကိရိယာများနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် ခိုလမ်တပ်နယ်မှ ကျောင်းသား ကျောင်းသူ ၉၉၇ ဦးအတွက် (ဒုတိယ) အကြိမ် ကျောင်းဝတ်စုံများ၊ ကျောင်းသုံး စာရေးကိရိယာများနှင့် ပညာသင်စရိတ်များကို တိုင်းမှူး(ဇနီး) နှင့် တာဝန်ရှိသူများက အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးတွင်လည်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၄၄၄၃ ဦးကိုလည်း ကျောင်းဝတ်စုံများ၊ ကျောင်းသုံး စာရေးကိရိယာများနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မန္တလေးဈေးကွက်အတွင်း မြန်မာထွက်ကုန်သီးနှံ ကုလားပဲများ ဈေးနှုန်းသက်သာစွာဖြင့် အရောင်းအဝယ်ကောင်းနေ

မန္တလေး နိုဝင်ဘာ ၁၉

တန်ဆောင်တိုင်အကြိုကာလတွင် မန္တလေးဈေးကွက်အတွင်း မြန်မာထွက်ကုန်သီးနှံ ကုလားပဲများ ဈေးနှုန်းသက်သာစွာဖြင့် အရောင်းအဝယ် ကောင်းမွန်လျက်ရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ကုလားပဲများသည် ယခုရက်ပိုင်း မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းသက်သာစွာဖြင့် အရောင်းအဝယ်များ ဖြစ်နေကြောင်း၊ ယခင်ရက်ပိုင်းက ဈေးကွက်အတွင်း ကုလားပဲခြမ်း တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၀ မှ ၇၅၀၀ ဈေးရှိခဲ့ရာမှ ယခုအချိန်တွင် ကုလားပဲခြမ်း တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀ ဈေးသာရှိပြီး ဈေးများသက်သာစွာရှိသည့် အတွက်ကြောင့် အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ကုလားပဲက မြန်မာလူမျိုးတွေရဲ့ အကြိုက်နှစ်သက်ဆုံး ပဲမျိုးအစားဖြစ်တယ်။ စားတဲ့နေရာမှာလည်း အာဟာရဖြစ်တဲ့ အပြင်အရသာမှာလည်းကောင်းမွန်တဲ့အတွက် မြန်မာလူမျိုးတွေဟာ ကုလားပဲကို မျိုးစုံလုပ်စားကြပါတယ်။ အလှူအတန်းတွေမှာလည်း မပါမဖြစ် ကြိုက်နှစ်သက်တဲ့ပဲပါ။ အခုချိန်မှာ ကုလားပဲကို ပြည်တွင်း စားသုံးမှုတင်မကဘဲ ပြည်ပကိုလည်း တင်ပို့နေရပါတယ်။ ဈေးကွက်အတွင်းမှာ ကုလားပဲတွေဟာ ဈေးသက်သာစွာရှိတဲ့အတွက် အရောင်းအဝယ်ကောင်းနေတယ်။ ယခင်ဈေးထက် သက်သာစွာနဲ့ ပြည်သူတွေ စားသုံးနိုင်လာပါတယ်။ အိန္ဒိယဝယ်လက်တွေကလည်း ဝယ်ယူနေကြပါတယ်။ ကုလားပဲကဲ့သို့ မြေပဲလုံးဆန်တွေကိုလည်းဈေးနှုန်းသက်သာစွာနဲ့ ပြည်သူတွေဝယ်ယူစားသုံးနိုင်ပါပြီ။ ခုလိုမျိုး ဈေးသက်သာစွာ ဝယ်ယူစားသုံးလာနိုင်တာဟာ ကောင်းတဲ့လက္ခဏာတစ်ရပ်ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ကုလားပဲကို တစ်နှစ်လျှင် တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း၊ ကုလားပဲကို အထက်အညာဒေသ တိုင်းဒေသကြီးများတွင် အဓိကအများဆုံးစိုက်ပျိုးကြပြီး အောက်ပိုင်းဒေသများတွင် ဟင်္သာတ တစ်ဝိုက်နှင့် ပဲခူးဒေသတစ်ဝိုက်တို့တွင် အနည်းငယ် စိုက်ပျိုးကြကြောင်း၊ ကုလားပဲအုပ်စုအနေဖြင့် ဗမာကုလားပဲ၊ V2၊ V7၊ 929 စသည်ဖြင့် အမျိုးမျိုးရှိကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

မြို့နယ်ပေါင်းစုံ အသက် (၂၅) နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေ ၅ နာရီက တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် သာကေတမြို့နယ်အသင်းနှင့် ဒေါပုံမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သာကေတမြို့နယ်အသင်းက လေးဂိုး- သုံးဂိုးဖြင့် အနိုင်ရရှိပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ နေရာအလိုက် အကောင်းဆုံးဆု ရရှိသူများနှင့် ဒုတိယဆု ရရှိသော ဒေါပုံအသင်းအား တာဝန်ရှိသူများကလည်းကောင်း၊ ပထမဆုရရှိသော သာကေတအသင်းအား ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ကျော်ထွန်းက ပထမဆုတံဆိပ်နှင့် ဗိုလ်တထောင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးအောင်လွင်က ငွေသားဆုကျပ်ငါးသိန်းနှင့် ပထမဒိုင်း ဆုဖလားကိုလည်းကောင်း ချီးမြှင့်ပေးအပ်သည်။

ပြိုင်ပွဲကို ဗိုလ်တထောင်ခရိုင်အတွင်းရှိ ဗိုလ်တထောင်၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်နှင့် သာကေတမြို့နယ်တို့မှ အသင်းများ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌမဟာနာယက မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ဘုမ္မနိုးဆင်ကျွန်းရွာ၊ ခမည်းတော် ဦးအောင်ကျော်+ မယ်တော် ဒေါ်သိန်းမိတို့မှ ၁၃၀၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ (တနင်္ဂနွေနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၂ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်နေ့တွင် မုံရွာမြို့နယ်၊ ဘုမ္မနိုးဆင်ကျွန်းရွာ၊ တောင်ကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်နေ့တွင် မုံရွာမြို့နယ်၊ ဘုမ္မနိုးဆင်ကျွန်းရွာ၊ ဥဒကုက္ခေပသိမ်၌ ဆားလင်းကြီးမြို့နယ်၊ ငါးခုန်ကျေးရွာ၊ ဒက္ခိဏာရာမကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ချောင်းဦးမြို့နယ်၊ ခင်မွန်ကျေးရွာ၊ သာသနဟိတကာရီသိင်္ဂါရုံကျောင်း ဆရာတော် ဘဒ္ဒန္တ စန္ဒေဘာသ၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်း၊ ပိုက်ကျုံးဆရာတော် ဘဒ္ဒန္တဇာနေယျဗုဒ္ဓိဘိဝံသ၊ အသောကဆရာတော်ဘဒ္ဒန္တ သုဝဏ္ဏဇောတျာ ဘိဝံသ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၂၄ ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့၊ ၁၃၂၅ ခုနှစ်တွင် ဝိနယပါဠိပါရဂူဘွဲ့၊ ၁၃၂၆ ခုနှစ်တွင် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်နှင့် စိန်ပန်းရပ်၊ ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတို့၌ စာသင်သား ရဟန်းသာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ ၁၃၄၂ ခုနှစ်တွင် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး ပေါ်ပေါက်လာရာ ပထမ ၅-နှစ် သက်တမ်း၌ ဝိနည်းဓိုရ်အဖြစ် လည်းကောင်း၊ ဒုတိယ ၅-နှစ်သက်တမ်းနှင့် တတိယ ၅-နှစ်သက်တမ်းတို့တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ ပညာရေးဗဟိုအဖွဲ့ဝင် ဆရာတော်အဖြစ်လည်းကောင်း၊ စတုတ္ထ ၅-နှစ်သက်တမ်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင်အဖြစ်လည်းကောင်း ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယနှင့် ရွှေကျင်နိကာယဥပဥက္ကဋ္ဌမဟာနာယက တွဲဖက် ရွှေကျင်သာသနာပိုင်ဆရာတော်အဖြစ် လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူမဟာ နာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၆၀ ပြည့်နှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတဘွဲ့"** နှင့် ၁၃၈၂ ခုနှစ်တွင် **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၆)ဝါအရ ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ၁၉-၁၁-၂၀၂၃၊ (တနင်္ဂနွေနေ့)၊ နံနက် ၀၉:၃၃ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

GREAT HOR KHAM PUBLIC COMPANY LIMITED
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားခြင်း

ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒုတိယအကြိမ်နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို အောက်ပါအစီအစဉ် အတိုင်းကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း ကုမ္ပဏီမှ အစုရှယ်ယာရှင်များ ကြိုတင်သိရှိထားနိုင်ပါရန် နှင့် အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ချီးမြှင့် ပေးနိုင်ပါရန် လေးစားစွာအသိပေးဖိတ်ကြားအပ်ပါသည်-

နှစ်ပတ်လည်အထွေထွေ အစည်းအဝေးအစီအစဉ်

ကျင်းပမည့်နေ့ရက် - ၁၁-၁၂-၂၀၂၃ရက် (တနင်္လာနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ
ကျင်းပမည့်ပုံစံ - Zoom Meeting (Online)

အစည်းအဝေးဖိတ်ကြားခြင်း

အစုရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးသို့တက်ရောက်နိုင်ရန်အတွက် ကုမ္ပဏီ၏ Facebook Page တွင်သော်လည်းကောင်း၊ ဖော်ပြပါ Viber ဖုန်းနံပါတ်တွင်လည်းကောင်း အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်ခြင်း (Online Registration) ပြုလုပ်ပေးနိုင်ပါရန် ပန်ကြားအပ်ပါသည်။ အစည်းအဝေးသို့ ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိပါက ကိုယ်စားလှယ်လွှဲအပ်ကြောင်းအား Online Registration ဖြည့်သွင်း၍ ကိုယ်စားလှယ်လွှဲအပ်နိုင်ပါသည်။

အစုရှယ်ယာရှင်များ Online Registration ပြုလုပ်ရမည့်ရက်များမှာ ၁-၁၂-၂၀၂၃ ရက်မှ ၅-၁၂-၂၀၂၃ ရက်အထိ ဖြစ်ပါသည်။ Registration ပြုလုပ်ပြီး ပါက Zoom Meeting Linkအား မှတ်ပုံတင်ထားသော အီးမေးလ်သို့ ပြန်လည်ပို့ ပေးပါမည်။

မေးခွန်းများမေးမြန်းခြင်း

အစုရှယ်ယာရှင်များအနေဖြင့် အကြံပြုချက်/မေးမြန်းလိုသည့်မေးခွန်းများရှိပါက ဂရိတ်ဟော်ခမ်း အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်ရုံးသို့လည်းကောင်း၊ ဖော်ပြပါ Viber ဖုန်းနံပါတ်သို့လည်းကောင်း၊ Emailဖြင့်လည်းကောင်း ၅-၁၂-၂၀၂၃ ရက် ညနေ ၃နာရီ နောက်ဆုံးထား၍ မေးခွန်းလွှာများကို ရေးသား ပေးပို့နိုင်ပါသည်။

ဒါရိုက်တာအဖွဲ့
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

မူဆယ်ရုံးချုပ်- အမှတ် ၂၁-၂၂၊ ဘလောက် ဖ၊ မင်္ဂလာအောင်မြင်လမ်းနှင့် ရွှေမိုး ငွေမိုးလမ်းထောင့်၊ မင်္ဂလာမူဆယ်၊ တော်ရွက်ရပ်ကွက်၊ မူဆယ်မြို့။

Viber–09–400470555
web:www.greathorkham.com
Facebook:www.facebook.com/greathorkham
Email:nangzinmaing@greathorkham.com

ဘားအံမြို့နယ် ခြံကလေး - သမင်ကုန်းကျေးရွာချင်းဆက်လမ်းပေါ်၌ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်

ဘားအံ နိုဝင်ဘာ ၁၉

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ မြို့ပြနှင့် ကျေးလက်ကွာဟမှု ကျဉ်းမြောင်းစေပြီး လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခြံကလေး-သမင်ကုန်း ကျေးရွာချင်းဆက်လမ်းပေါ်၌ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက နိုဝင်ဘာ ၁၈ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ခြံကလေး-သမင်ကုန်း ကျေးရွာချင်းဆက်လမ်းပေါ်တွင် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ခြံကလေး-သမင်ကုန်း ကျေးရွာချင်းဆက်လမ်းပေါ်တွင် အရှည်ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၃၅ ဒသမ ၆၄ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက ယခုနှစ်မေလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်တံတားတည်ဆောက်ခြင်း လုပ်ငန်းပြီးစီးပါက ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာရေး အဆင်ပြေတော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

ဆက်လှ

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် - Tender.15.Med & Med Supplies (2023–2024)
- Tender.16.Equipment(2023–2024)

တင်ဒါစတင်သည့်ရက် - ၂၀ - ၁၁ -၂၀၂၃ ရက်နေ့

တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၈-၁၂-၂၀၂၃ ရက်နေ့၊ ညနေ(၄:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူ ဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ မြေကွက်အမှတ် (ပ-၁၂၆၁)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက် အမည်ပေါက် ဦးဝင်းသိန်းဦး ၅/ကသန(နိုင်)၀၃၉၉၉၉ (ဘ)ဦးခင်အောင်မှ မြေချပါမစ်(စလစ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်သူ့ကျန်းမာရေးညီလာခံ (၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုများဆောင်ရွက်

ကြို့ပင်ကောက် နိုဝင်ဘာ ၁၉

ပြည်သူ့ကျန်းမာရေးညီလာခံ (၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်ရှိ ကျေးလက်ကျန်းမာရေးဌာနများတွင် အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးမှ သိရသည်။

မြို့နယ်သူနာပြုဆရာကြီး ဦးအေးနိုင်နှင့် ကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူးတို့က ကျေးရွာများမှ ပြည်သူများအား ကူးစက်ရောဂါများအကြောင်း၊ တီဘီရောဂါ၊ အနာကြီးရောဂါ၊ ခုခံအားကျဆင်းမှုရောဂါ၊ ကာလသားရောဂါများအကြောင်းတို့ကို အသိပညာပေးဟောပြောကာ သွေးချိုစစ်ဆေးခြင်း၊ ကိုယ်အလေးချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်ခြင်းတို့ကိုဆောင်ရွက်၍ ဒေသခံပြည်သူများ ခံစားနေရသော ရောဂါများကို ကုသပေးနေခြင်းဖြစ်ပြီး အဆိုပါကျန်းမာရေး စောင့်ရှောက်မှုများမှ ဆက်လက်ကုသရန်လိုအပ်သော ဒေသခံပြည်သူများအား မြို့နယ်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသခြင်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

မြန်မာနိုင်ငံကြက်ခြေနီအသင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများတွင် ထောက်ပံ့ရန်အတွက် လိုအပ်သော အထောက်အပံ့ပစ္စည်းများ(တကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများ၊ ရေဘူးများနှင့် မြေရေစစ်အိုးများ)ကို ဝယ်ယူနိုင်ရန်နှင့် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်ရှိ ရေသိုလှောင်ကန် (၁၄)လုံး ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့် တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများထုတ်ယူရမည့် အချိန်နှင့်နေ့ရက် - (၁၃-၁၁-၂၀၂၃)ရက် နံနက်(၁၀) နာရီမှ ညနေ (၄)နာရီအထိ

တင်ဒါပုံစံများနောက်ဆုံး ထုတ်ယူရမည့်အချိန်နှင့်နေ့ရက် - (၂၇-၁၁-၂၀၂၃)ရက် နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအထိ

တင်ဒါပုံစံများနောက်ဆုံးတင်သွင်း ရမည့်အချိန်နှင့်နေ့ရက် - (၄-၁၂-၂၀၂၃)ရက် နံနက် (၁၀)နာရီမှ ညနေ(၄)နာရီအထိ

တင်ဒါပုံစံများကို ထုတ်ယူရမည့်နေရာ - မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်ရုံးခွဲ၊ အမှတ်-၄၂၊ ကမ်းနားလမ်း၊ စတုတ္ထအထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဦးသန်းဇော်၊ ဒုတိယညွှန်ကြားရေးမှူး၊ ၀၉-၄၂၀၀၉၇၄၀၉
ဦးကျော်လင်းလင်း၊ ထောက်/ပို့အရာရှိ ၀၉-၈၇၀၄၇၃၉၉၈
ရခိုင်ပြည်နယ်စီမံချက်လုပ်ငန်းများ စီမံခန့်ခွဲမှုယူနစ် (စစ်တွေရုံးခွဲ) အမှတ်-၄၂၊ ဗောဓိလမ်း၊ ကျေးပင်ကြီးရပ်ကွက်၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်
ဦးကျော်မင်းသိန်း၊ ထောက်/ပို့အရာရှိ၊ ဖုန်း-၀၉-၄၄၀၃၅၃၂၀၅
မြို့နယ်ကြက်ခြေနီအသင်းခွဲ ရသေ့တောင်မြို့နယ်၊ ရခိုင်ပြည်နယ်
ဒေါ်အေးသန်းနု၊ မြို့နယ်တပ်ဖွဲ့မှူး၊ ဖုန်း-၀၉-၂၅၀၁၂၄၁၂၅

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိရန် အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
မြန်မာနိုင်ငံကြက်ခြေနီအသင်း

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သီရိဇေယျာ ၁၉လမ်း/က၊ (၇)ရပ်ကွက်၊အမှတ် (၉၀၅/က) ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ် (၉၀၅- ၁/၂ က)၊ မြေ ဧရိယာ အလျား ၆၀ပေX အနံ ၂၀ပေ၊ ၁၂၀၀ စတုရန်းပေ၊ ဦးကျော်မြိုင် အမည်ပေါက်နှစ်(၆၀) ဂရန်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဥပဒေနှင့်အညီ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ထုတ်ဖော်ဝန်ခံကြသော (၁)ဒေါ်ရီရီမြိုင်(ဘ)ဦးကျော်မြိုင် ၁၂/ဥကတ(နိုင်)၁၁၀၆၉၆၊ (၂) ဦးသန်းမြိုင်(ဘ)ဦးကျော်မြိုင် ၁၂/ဥကတ(နိုင်) ၁၁၀၆၉၇၊(၃) ဦးကိုကိုနိုင်(ဘ)ဦးကျော်မြိုင် ၁၂/ဥကတ(နိုင်)၁၁၀၆၉၈၊(၄) ဒေါ်ခင်ခင်ထား (ဘ)ဦးကျော်မြိုင် ၁၂/ဥကတ(နိုင်)၀၅၆၉၂၈၊(၅)ဒေါ်မို့မို့ထား(ဘ)ဦးကျော်မြိုင် ၁၂/ဥကတ(နိုင်) ၁၁၀၆၉၉တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်တယ်ချိုချို(ခ)မချိုချို ၁၂/လသန(ပြု)၀၀၀၂၆၉ က အပြီးအပိုင်ဝယ်ယူရန် စရန် ငွေ တစ်စိတ်တစ်ဒေသကို ပေးအပ်ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်တယ်ချိုချို(ခ) မချိုချို၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ရဲကျော်
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၆၁၂)
တိုက်အမှတ်(၄၀)၊အခန်း(၃၁)၊ရွှေအုန်းပင်အိမ်ရာ(၂)
ရန်ရှင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊(၅)ရပ်ကွက်
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၂၀၄၇၄၄

ငြင်းချက်ထုတ်ရန် သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀(၁)) မြိတ်မြို့နယ်တရားရုံးတော်၌ ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆

ရဲတပ်ကြပ် စိုးသိန်း နှင့် ဒေါ်စိုးစိုးခိုင်
တရားလို တရားပြိုင်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျွဲကူးကျေးရွာ၊ အဏ္ဏဝါရပ်ကွက်၊ မြို့မရဲစခန်းနေသူ ဒေါ်စိုးစိုးခိုင်(ဘ)ဦးတိုးမြင့် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ရဲတပ်ကြပ်စိုးသိန်းက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ ဒေါ်စိုးစိုးခိုင်အနေဖြင့် သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်ကို ၎င်း၏ရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် (၁၃၈၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူအနေဖြင့် တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလို ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့် ပေးလိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖြိုးဖြိုးစံ)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မြိတ်မြို့နယ်တရားရုံး

မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ်အောက်ပါတို့ကို လိုက်နာရမည်-
(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာပေမြင့်မှ လူမျိုးတင့်မည်

အမည်ပြောင်း

တောင်ငူမြို့၊ ၅/၇၂၊ တပင်ရွှေထီးလမ်းနေ ဦးဇော်မိုးလွင်၏ သားဖြစ်သူ မောင်အောင်ဘုန်းခန့် ၇/တငန(နိုင်)၂၂၅၄၄၆ အား မောင်အောင်ဘုန်းပြည့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်ဘုန်းပြည့်

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ ရပ်ကွက်၊ အကွက်အမှတ် (၂၄၁)၊ ဦးပိုင်အမှတ် (၄)၊ စေလမ်း၊ ၂၆x၂၇လမ်းကြားရှိ ဦးမောင်မောင်(ခ)သန်းတင့် အမည်ပေါက် ဘိုးဘမြေကွက်အား၊ (ဖခင်) ဦးမောင်မောင်(ခ)ဦးသန်းတင့် (မိခင်) ဒေါ်ခင်သန်း(သား) ဦးဝင်းကိုကိုသန်း (လူပျိုဘဝ)၊ (သားကြီး)ဦးသန်းငွေးဦး (အမွေရှင်ထက်စောရ၍) အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၄၇၄/၂၀၂၂) ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ရီရီသန်း၊ ဒေါ်မီမီသန်း၊ ဒေါ်ယဉ်ငြိမ်းအေး၊ ဦးရဲဝင့်မောင်မောင်၊ ဒေါ်အေးမြတ်သီရိတို့(၅)ဦးအနက် ဒေါ်ယဉ်ငြိမ်းအေးပါ(၃)ဦးထံမှ မှတ်ပုံတင် စွန့်လွှတ်စာချုပ်အမှတ် (၃၅၇၀/၂၀၂၂)ဖြင့် စွန့်လွှတ်ခြင်းကို ဒေါ်ရီရီသန်း၊ ဒေါ်မီမီသန်းတို့ ကလက်ခံခဲ့ပြီး ဒေါ်ရီရီသန်း၊ ဒေါ်မီမီသန်းတို့ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၄၈၃/၂၀၂၃)ဖြင့်ဝယ်ယူခဲ့သူ ဦးမြင့်ဆွေ ၉/မနမ(နိုင်)၀၃၀၈၅၆က အမှုတွဲ အမှတ် ၀၆၁၄/ဘ/ပြောင်း/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
ဗန်းမော်ခရိုင်တရားရုံးတော်၌
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၃

ဦးရဲနိုင်ထွန်း **နှင့်** ဦးနောင်လတ်
တရားလို **တရားပြိုင်**

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ဗန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အိမ်အမှတ်(သစ/၃၀၈)နေ ဦးနောင်လတ်(ဘ)ဦးချူလွတ်ဂမ် ၁/ဗမန(နိုင်)၀၁၅၆၀၃(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုအရ လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ရက် (၁၃၈၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နေထွန်း)
ဒုတိယခရိုင်တရားသူကြီး
ဗန်းမော်ခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/1268, Honda Wave RSX-110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမောင် ၁၄/မအပ(နိုင်)၁၀၁၆၆၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(မအူပင်)
မအူပင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/6620, Suzuki Carry DA 21T, PickUp (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးခွန်ငွေးအောင် ၃/ဘအန(နိုင်)၁၂၀၆၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ် လူသစ်
ဘဝသစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ မြေကွက်ကြီးအမှတ်(၁/န) အိမ်ရာကွက်ငယ်အမှတ်(၅၅၀) မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်ကြီးအမှတ်(၁/န)၊ အိမ်ရာကွက်ငယ်အမှတ်(၅၅၀)မြေကွက်သည် လှည်းကူးမြို့နယ်၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့က ဦးထင်ဝင်း (၁၂/လသန(နိုင်)၀၀၈၁၃၁) အမည်ဖြင့် အိမ်ရာကွက်ချထားပေးခြင်းခံရသော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ကို ပိုင်ဆိုင်လက်ဝယ်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးသီတာ(၁၂/ လမန(နိုင်) ၀၃၅၉၂၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူမည်သူမဆိုသည် ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဥက္ကာဇိုလ်(LL.B) **ဒေါ်သန္တာဦး(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၅၃၆၁၅) **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၇၉)**
အမှတ် (၄၂)၊ သီတာအေး (၇)လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့၊
ဖုန်း-၀၉-၇၉၅၄၇၅၈၇၉

အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့၊ မြို့မရပ်ကွက်၊ (၄)လမ်းနေ ဒေါ်မေမြတ်မွန်ခိုင်(ဘ)ဦးဇော်ဝင်း ၇/လပတ(နိုင်)၁၄၆၈၇၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်မေမြတ်မွန်ခိုင်နှင့် ဦးသူသူဝင်း(ဘ)ဦးစံကြိုင် ၈/ကမန (နိုင်) ၀၆၀၉၀၁ တို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အလျောက်လွန်ခဲ့သော (၂၃-၁၀-၂၀၁၄)ရက်မှ စတင်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သားသမီးထွန်းကားခဲ့ခြင်းမရှိပါ။ (၇-၁၀-၂၀၂၃) ရက်တွင် ဦးသူသူဝင်းနှင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်မေမြတ်မွန်ခိုင်တို့သည် တစ်ဦးနှင့်တစ်ဦးစကားများ ကြပြီးနောက် ဦးသူသူဝင်းသည် ၎င်းနေထိုင်ရာ ဦးသျှစ်ပင်မြို့သို့ ပြန်သွားခဲ့ပြီး ဒေါ်မေမြတ်မွန်ခိုင်ထံသို့ ယနေ့အချိန်ထိ အဆက်အသွယ်ပြုလုပ်ခဲ့ခြင်းမရှိတော့သည့်အပြင် လင်ယောကျ်ားတစ်ဦး၏ တာဝန်ဖြစ်သည့် မယားဖြစ်သူ ဒေါ်မေမြတ်မွန်ခိုင်အပေါ် ငွေကြေးထောက်ပံ့မှု တစ်စုံတစ်ရာမှ ပေးကမ်းခဲ့ခြင်းလည်းအလျဉ်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ဦးသူသူဝင်းနှင့် ပတ်သက်၍ ပေါ်ပေါက်လာသော လူမှုရေး၊ ငွေရေးကြေးရေးနှင့် အခြားသော မည်သည့်ပြဿနာမျိုးကိုမဆို ယနေ့မှစ၍ ကျွန်ုပ်တို့၏ မိတ်ဆွေမှ လုံးဝတာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်မိုးခိုင်(LL.B,D.B.L) **ဒေါ်ဇင်မာအေး(LL.B)** **ဒေါ်မေဇွန်မိုး(LL.B)**
(စဉ်-၉၀၄၃) **(စဉ်-၁၄၄၇၇)** **(စဉ်-၁၃၆၃၃)**
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၅၅၁)၊ ရုံးလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့

ရောင်းချရန်ကြော်ငြာစာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
မြောင်းမြမြို့နယ်တရားမရုံး
၂၀၂၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၁

ဦးကောင်းဝေအောင် **နှင့်** ၁။ ဦးလှအေး
၂။ ဒေါ်မြင့်မြင့်သိန်း
ဒီကရီအနိုင်ရသူ **တရားရှုံးများ**

မြောင်းမြမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၂၉/၂၀၂၀ အမှုတွင် (၁၁-၅-၂၀၂၂)ရက်စွဲပါ ဒီကရီကို အတည်ပြု ဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထား သောပစ္စည်းကို ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက် (၁၃၈၅ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ရက်) နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံဆွဲဝယ်ယူသူများသည် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

မြောင်းမြမြို့၊ မရမ်းကုန်းရပ်ကွက်၊ ရိုးကူးရပ်၊ မြဂုဏ်ရည်လမ်းသွယ်၊ အမှတ် (၂၂)ဟုခေါ်တွင်သည့် မြေတိုင်းအခေါ် မုဆိုးကွင်းကျေးရွာ၊ ကွင်းအမှတ် ၂၆၆ (က)၊ ကွင်းအမည် -ထောင်ကုန်း၊ ဦးပိုင်အမှတ်(ခ/၁၁၀)၊ဦးမြရွှေ အမည်ပေါက်၊ ဧရိယာ(၀.၁၁၁မ၂၂)ကေ အနက်မှ (၃၀x၄၀)ပေရှိ မြေနှင့် ယင်းမြေ ပေါ်ရှိ(၃)ပင်၊ (၂)ခန်း၊ သွပ်မိုး၊ ပျဉ်ခင်း၊ သစ်တိုင်၊ ကျောက်ပြားကာ၊ (၁)ထပ်နေ အိမ်ဖြစ်ပြီး ထိုအိမ်နှင့်မြေသည် အရှေ့အရပ်တွင် မြဂုဏ်ရည်လမ်းသွယ်၊ အနောက်ရပ်တွင် ဒေါ်စိန်ကောက်ပု အိမ်မြေ၊ တောင်အရပ် ဦးကျော်စိုးမိုး အိမ် မြေ၊ မြောက်အရပ် ဦးတင်ထွန်း အိမ်မြေတို့နှင့် နယ်နိမိတ်ထိစပ်တည်ရှိပါသည်။

လေလံကြမ်းခင်းဈေး- ကျပ်သိန်း (၁၂၀)
လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်သည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိ သည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် တန်ဖိုး၏ (၂၅)ရာခိုင်နှုန်းကို နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ (၁၅)ရက်မြောက်သည့်နေ့တွင် ရုံးဆင်းချိန် မတိုင်မီပေးဆောင်ရမည်။ (၁၅)ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(ခိုင်သန္တာသိန်းမြင့်)
မြို့နယ်တရားသူကြီး
မြောင်းမြမြို့နယ်တရားရုံး

အများသိစေရန် အသိပေးကြေညာခြင်း

ဒေါ်ဝင့်ဝါဝါသင်း ၁၂/အစန(နိုင်) ၀၇၆၀၇၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၁၇)ဟုခေါ်တွင်သော (၆)ထပ်တိုက် တည်ရှိရာ ဦးလှထူး အောင် ဂရန်အမည်ပေါက် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ယင်း(၆)ထပ်တိုက်၏ ခေါင်းရင်းခြမ်းရှိ၊ မြေညီ၊ ပထမထပ်၊ ဒုတိယထပ်၊ တိုက်ခန်းတို့၏ ပိုင်ဆိုင်မှု အကျိုးခံစားခွင့်အရပ်ရပ်တို့အား အကျိုးခံစားခွင့်ရှိသူ တစ်ဦးဖြစ်သူ ဒေါ်ဝင့်ဝါဝါသင်း သိရှိသဘောတူညီမှုမရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းတို့မပြုလုပ်ရန်နှင့်အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူသည် ဒေါ်ဝင့်ဝါဝါသင်း၏အကျိုးကို ထိခိုက်နစ်နာစေပါသောကြောင့် ပစ္စည်း၏ ကာလပေါက်ဈေးနှင့်တကွ နစ်နာကြေးကိုပါ ပေးလျော်ရမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်ဆွေ၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၈၉)
အမှတ်-၅၅၊ အခန်း-၁၆(ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၀၄၅၄၈၃

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ အကွက်အမှတ် ၄၁၆-ဂ၊ ဦးပိုင်အမှတ်(၂၃-၁)၊ ၇၃လမ်းx၁လမ်းထိပ်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ထားထားမြင့်၏ (S.P ရရှိသူ ဦးအေး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၄၆၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သင်းသင်း ၁၂/ဗဟန (နိုင်) ၀၈၀၄၂၈က အမှုတွဲအမှတ်(၅၅၇၆/၂၀၂၃-၂၀၂၄)ဖြင့်အမည်ပေါက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ရွှေပုန်းညွှတ်ရိပ်မွန်၊ ရွှေပုန်းညွှတ်လမ်း၊ တိုက်-အိုင်၊ အခန်းအမှတ်(7)၊ တတိယထပ်(၄လွှာ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းမြေနှင့် သက်ဆိုင်သော အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်ထွေး ၁၂/စခန(နိုင်)၁၂၇၇၆၅၊ TKA-၀၃၉၁၅၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးဖြိုးဇင် ၇/ပမန(နိုင်) ၀၉၉၅၉၂က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L) **ဒေါ်ခင်စောသိန်း(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)**
တိုက် (၁၀/၁၂)၊ ပထမထပ်၊အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ၊
ဖုန်း-၀၉- ၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာ ၄လမ်း၊ အမှတ် (မ/၉၈)နေ ဦးမြသိန်း ၁၂/ဥကမ (နိုင်) ၀၀၇၃၅၀၏ သားဖြစ်သူ လှိုင်ဝင်းထွဋ် ၁၂/ဥကမ(နိုင်)၁၆၀၇၈၆ သည် မိဘ၏ဆိုဆုံးမမှုအား မနာခံဘဲ မိဘစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်အပြီးအပိုင်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကိုကိုဦး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၃၈၈၀/၂၀-၁၁-၂၀၂၀)
အမှတ်(၆၀၄)က၊ ထင်းရှူးမြိုင်လမ်း၊ (၂၀)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်
ဖုန်း-၀၉-၉၇၈၃၀၈၄၀၂

ပတ်စ်ပို့ပျောက်

ကျွန်မ မခိုင်ပန်းသူ ၁/မကန(နိုင်)၁၄၇၉၀၃ ၏ ပတ်စ်ပို့နံပါတ် (MG 857113)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၃၃၉၈၆၆၇

ပတ်စ်ပို့ပျောက်

ဒေးဒရဲမြို့၊ အုန်းပင်ကျေးရွာနေ ဦးကြည်ခင်၏ သမီး မန္တဲ့ရီဝင်း ၁၄/ဒဒရ(နိုင်) ၁၆၄၉၇၀၏ နိုင်ငံကူးလက်မှတ် (MG 046494)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၇၅၉၂၅၁၉

အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွာမကျောင်းလမ်းသွယ်၊ အမှတ်(၂၇/ခ)၊ မြေညီထပ်ကားပါကင်ပြုလုပ်ထားသော (၁)ခန်းတည်း RC (၈ ၁/၂)ထပ်(Penthouse)အဆောက်အအုံ၏ (၈လွှာ)၊ (အပေါ်ဆုံးထပ်)၊ (Penthouse) အခန်း၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးအောင်ငွေး ၁၂/တမန(နိုင်) ၀၁၆၉၂၇ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးသျှိုင်းလင်းစိုး ၁၂/မရက(နိုင်) ၁၄၇၈၂၁၊ ဒေါ်မေဇွန်အောင် ၉/မကန(နိုင်) ၁၀၇၄၄၀ တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးသျှိုင်းလင်းစိုး၊ ဒေါ်မေဇွန်အောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ခိုင်ဝင်း (LL.B), WIPO(Switzerland)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၈)
အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၉၈၁၉၉၃၀၀၊ ၀၉-၄၀၈၄၇၄၇၀၀

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၄)၊ ဦးပိုင်အမှတ် ၄၀(ခဲစင်း)၊၅၀x၅၁လမ်းကြား၊ ၁၁၀x၁၁၁လမ်းကြားရှိ ဦးဘိုတင့် အမည်ပေါက် တောဂရန်မြေကွက်အား ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော်၏တရားမကြီးမှုအမှတ် ၁၁၉/၂၀၂၂တွင်ဒေါ်မာမာကြည်နှင့် ဦးဘိုတင့်တို့အမှု၌ ၂၃-၁၁-၂၀၂၂ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအရ ဦးဘိုတင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၉၁၆/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မာမာကြည် ၁/ကမန(နိုင်) ၀၄၉၆၂၀က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၄၇၀/၂၀၂၃-၂၀၂၄ဖြင့် တောမှမြို့ပြောင်း/ သက်တမ်းတိုး/ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာ့အလင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ပီတီတီအီးပီ အင်တာနေရှင်နယ်လီမိတက် (ရန်ကုန်ရုံးခွဲ) ရတနာစီမံကိန်းတို့ ပူးပေါင်း၍ ဂဟေဆက်သင်တန်းအမှတ်စဉ် (၁၇) အား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်-

သင်တန်းဖွင့်လှစ်မည့်ရက် - ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်

သင်တန်းဖွင့်လှစ်မည့်နေရာ - ရတနာဂဟေဆက် နည်းပညာ သင်တန်းကျောင်း (အောင်ဆန်း)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၁-၆၄၅၇၅၉၊ ၀၉-၇၇၇၃၈၇၃၆၉

သင်တန်းကာလ - ရက်သတ္တပတ်(၁၂) ပတ်

၂။ သင်တန်းသား (၁၅) ဦး လက်ခံသင်ကြားပေးပါမည်။

၃။ လျှောက်ထားသူသည် အခြေခံပညာအလယ်တန်းအောင်မြင်ထားပြီး အခြေခံအင်္ဂလိပ်စာနားလည်သူ ဖြစ်ရမည်။ နည်းပညာနှင့်သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး ဂဟေဆက်လက်တွေ့လုပ်ငန်းအား အမှန်တကယ်လုပ်ကိုင်နိုင်သူ ဖြစ်ရပါမည်။ အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရပါမည်။ သင်တန်းတက်ခွင့်ရသောနေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက်(၃၅) နှစ်ထက် မကြီးသူဖြစ်ရပါမည်။ Interview ဖြေဆိုရမည်ဖြစ်ပါသည်။

၄။ တက်ရောက်ခွင့်ရရှိသူများသည် သင်တန်းကြေး အခမဲ့ဖြစ်ပြီး၊ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း လစဉ်ငွေကျပ် (၃၀,၀၀၀)ကို ရတနာစီမံကိန်းမှ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ သင်တန်းသားအတွက် လိုအပ်သောလုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေးဝတ်စုံ (Personal Protective Equipment) အတွက် ကုန်ကျစရိတ်ထဲမှ ငွေကျပ် (၁၀၀,၀၀၀) ကို ရတနာစီမံကိန်းမှ ထောက်ပံ့ပေးမည်ဖြစ်ပြီး ကျန်ပမာဏကို သင်တန်းသားမှ ကိုယ်တိုင်ကျခံရမည်ဖြစ်ပါသည်။

၅။ သင်တန်းလျှောက်လွှာများကို ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း (အောင်ဆန်း)တွင် ၂၀-၁၁-၂၀၂၃ ရက်မှစတင်၍ နံနက် ၉:၃၀ မှ ညနေ ၄:၀၀ နာရီအတွင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာများအား (၆) လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဆိုဒ် ရောင်စုံဓာတ်ပုံ (၂) ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ မွေးသက္ကရာဇ်နှင့် ပညာအရည်အချင်းအတွက် ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက် (မူရင်း) တို့နှင့်အတူ အဆိုပါ သင်တန်းကျောင်းတွင် ၁၁-၁၂-၂၀၂၃ ရက်နောက်ဆုံးထားပြီး ပြန်လည်လျှောက်ထားနိုင်ပါ ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၅၆)၊ ဦးပိုင်အမှတ် (၃၀-င)၊ ၈၀x၈၁လမ်းကြား၊ ၃၃ x ၃၃ A လမ်းကြားရှိ ဒေါ်ဥ အမည်ပေါက် ဘိုးဘမြေကွက်အား (ဖခင်)ဦးဌေး၊ (မိခင်) ဒေါ်ဥတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၈၀၅/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော တစ်ဦးတည်းသောသားဖြစ်သူ ဦးဌေးဦး၏ (GP ရသူ ဒေါ်သူဇာဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၃၈၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ဝေ ၉/ဖရမ(နိုင်)၀၃၈၁၆၈က အမှုတွဲအမှတ် ၀၆၁၃/ဘ/ပြောင်း/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/16927, TVS WEGO-110, M/C ယာဉ်လက်ဝယ်ရှိသူ Man Princess Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/99349, Honda Scoopy-110, M/C ယာဉ်လက်ဝယ်ရှိသူ Ever OK Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

တစ်ဦးတည်းဖြစ်ကြောင်း

ကျောက်တံခါးမြို့နယ်၊ အလက (အရိုင်းစု)ကျောင်းမှ ဒု-မူလတန်းပြဆရာမ နော်ထူးဘိုး ၇/ကတခ (နိုင်)၁၃၂၂၉၈၏ ဖခင် စောအောင်ဟဲ (ခ)ဦးစောအောင်ဟဲမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါးမြို့နယ်၊ အထက(ခွဲ) (ကုန်းလည်ရိုး)ကျောင်းမှ ဒု-မူလတန်းပြဆရာမ နော်ဖောဘွေဝါး ၇/ကတခ(နိုင်)၁၅၇၉၅၃ ၏ ဖခင် စောအဲဒဝက်(ခ)ဦးအဲဒွက်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဉ္စဏမဟီရပ်ကွက်၊ အကွက်အမှတ်(၆၃၀)၊ ဦးပိုင်အမှတ်(၄၂)၊ ၃၂x၃၃ လမ်းကြား၊ ၇၉x၈၀လမ်းကြားရှိ ဒေါ်မြကြည် အမည်ပေါက် ဘိုးဘမြေကွက်အား (ဖခင်)ဦးချစ်၊ (မိခင်) ဒေါ်မြကြည်တို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၅၁၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော သမီးများဖြစ်သည့် ဒေါ်လှလှ ၉/မရမ(နိုင်)၀၆၆၄၀၉၊ ဒေါ်ခင်စန်းရီ ၉/မရမ(နိုင်)၀၂၈၅၃၁ တို့က အမှုတွဲအမှတ် ၅၅၄၄/ ၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၉၈)၊ ဦးပိုင်အမှတ် ၃၉+၄၁+၄၄+၄၅ အတွင်းမှ ၄၄(ခဲစင်း)၊ ၃၁လမ်း၊ ၆၃x၆၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စိန်တင့်၊ ဒေါ်ခင်တင့်တို့ (၂)ဦးအနက် (ဖခင်)ဦးသန်းမောင်၊ (မိခင်)ဒေါ်စိန်တင့်၊ သား ဦးဝင်းလှိုင်(လူပျိုကြီးဘဝ)၊ (သား)ဦးဝင်းမောင်(လူပျိုကြီးဘဝ)တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၉၆၉/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခင်တင့် (၎င်း၏ GP ရသူ ဒေါ်မိုးမိုးလှိုင်)၊ ဒေါ်တင်သန်းဦး၊ ဒေါ်မာလာသန်း(ခ) ဒေါ်စောဝင်း(မိမိကိုယ်တိုင်နှင့် ဦးဝင်းအောင်၏ GP ရသူ)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၅၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးမြတ်ခိုင် ၉/မရမ(နိုင်)၀၇၉၄၅၀က အမှုတွဲအမှတ် ၅၅၄၃/၂၀၂၃-၂၀၂၄ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၁၄)၊ ဦးပိုင်အမှတ်(၁၃)၊ ၆၀. B x ၆၁ လမ်းကြား၊ ၁၃၁x၁၃၂ လမ်းကြားရှိ ဦးချစ်တင် အမည်ပေါက် တောဂရန်မြေကွက်အား ပိုင်ဆိုင်ကြောင်း ကြေညာခြင်းစာချုပ်အမှတ်(၁၃၉၈/၁၉၉၈)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးအောင်ကိုကို၊ ဒေါ်မြင့်မြင့်ကျော် တို့၏ (GP ရသူ ဦးမိုးယူ)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၇၈၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်တာ ၉/မနမ(နိုင်)၀၂၇၉၂၈က အမှုတွဲအမှတ် ၅၄၈၄/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၈)၊ ဦးပိုင်အမှတ်(၇၂)၊ ၆၂x၆၁လမ်းကြား၊ ကျန်စစ်သားလမ်းနှင့်ဗန္ဓုလလမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မြဝင်း ၉/မရတ(နိုင်)၁၀၁၉၈၄ (EMDY-၂၉၉၅၅)၏(SPရသူ ဒေါ်မိုးမိုးထွေး) က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်၅၄၇၈/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

